## မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၀၃)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်




အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစားထုတ်ကုန်လုပ်ငန်းတွင် ပထမဆုရရှိသူ မန္တလေးတိုင်းဒေသကြီး"Healthy & Happy"စားသောက်ကုန်လုပ်ငန်းမှ ဒေါ်မေနှင်းဝေအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ၏ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ကျင်းပပြုလုပ်ရာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်)

# နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ခြင်း

ကမ္ဘာပေါ်တွင် လုံခြုံရေးနှင့်ပတ်သက်၍ မည်သည့်နိုင်ငံမျှ ရာနှုန်းပြည့်လုံခြုံမှုရှိသည်မဟုတ်ပေ။ ဒီမိုကရေစီကို အပြည့်အဝကျင့်သုံးနိုင်သည်ဟုဆိုနိုင်သောနိုင်ငံကြီးများမှာပင် အကြမ်းဖက်မှုများရှိနေသည်။ မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသည်။ သဘောထားကွဲလွဲမှုများရှိပါက ဒီမိုကရေစီစနစ်အရ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းဖြင့်အဖြေရှာရမည်ဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းကြရမည်ဖြစ်သော်လည်း အကြမ်းဖက်လိုသူများက မခိုင်လုံသောအကြောင်းပြချက်အမျိုးမျိုးဖြင့် လက်နက်စွဲကိုင်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။ ဒီမိုကရေစီစနစ်နှင့် ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်သည့် မိမိတို့နှင့်သဘောထားမတိုက်ဆိုင်သူများကို အကြမ်းဖက်ရက်စက်စွာသတ်ဖြတ်ခဲ့ကြသည်။

ဒီမိုကရေစီဟုတသွင်သွင်ပြောဆိုနေသည့် NUG၊ CRPH မှဆက်နွယ်လာသည့် PDF အမည်ခံအကြမ်းဖက်သမားများ၊ တိုင်းရင်းသားအမည်ခံအကြမ်းဖက်လက်နက်ကိုင်များက ပြည်သူလူထုအပေါ်လက်နက်ကိုင်ဆောင်ကာ ဆက်ကြေးကောက်ခံခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ မြို့ရွာများကိုဖျက်ဆီးခြင်းစသည့်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ဒေသများကိုစွန့်ခွာကာ အကြမ်းဖက်အဖျက်သမားတို့နှင့် ကင်းဝေးရာသို့ သွားရောက်နေထိုင်ကြရသည်။

ထို့ကြောင့် နိုင်ငံတော်တွင် ၂၀၂၃ ခုနှစ်မှစ၍ ပြည်သူ့လုံခြုံရေးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်ရှိ နိုင်ငံသားများအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန်တာဝန်ရှိကြသည်။ အဆိုပါတာဝန်များကိုထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက်စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။

မိမိတို့နေထိုင်သည့်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသအလိုက်ရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ အတူတကွလက်တွဲ၍ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လုံခြုံရေးနှင့်ပတ်သက်၍ အဓိကဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး သက်ဆိုင်ရာနယ်မြေအလိုက်ဖွဲ့စည်းထားပြီးဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့အပေါ်တွင် ကောင်းကျိုးလုံးဝမပြုသည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းဖြင့် ရပ်ရွာအေးချမ်းသာယာရေးကို ကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းခိုအောင်းနေထိုင်လျက်ရှိသော အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအားလုံးအနေဖြင့် နိုင်ငံနှင့်ပြည်သူတို့အကျိုးရှိစေမည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကျွဲခြေရာခွက်မျှပင် လုပ်ဆောင်ပေးခြင်းမရှိသော်လည်း ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာများဖျက်ဆီးရာတွင်မူ ပင်လယ်မကများပြားလှသည်။ အရေးကြီးလျှင်သွေးစည်းစွာကူညီရသည်မှာ တပ်မတော်သာဖြစ်သည်။ တပ်မတော်အနေဖြင့် ကာကွယ်ရေးတာဝန်အပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ သဘာဝဘေးပေါ်လာတိုင်း အချိန်မဆိုင်းရောက်ရှိကာ စားဝတ်နေရေး၊ ကျန်းမာရေးများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူတို့၏အကျိုးစီးပွားကို အမြဲဦးထိပ်ထားလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၁ ရက်က တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းအမှတ်များသို့ လွှဲအပ်ပေးသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများပေးအပ်ရာတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများ မရှိစေရေး၊ စနစ်တကျထိထိရောက်ရောက်ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးမှုမှာ လွန်စွာကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ မည်သူမဆိုမိမိတို့အခက်အခဲနှင့်ကြုံတွေ့နေရစဉ် ကူညီထောက်ပံ့မှုပေးနိုင်မည့်သူကို မျှော်လင့်ကြသည်။ ကူညီထောက်ပံ့မှုပေးလာသည့်အခါ ဝမ်းသာကြည်နူးကြရသည်။ လက်ရှိကောက်ယူရရှိထားသည့်စာရင်းတွင် မပါဝင်ဘဲရှိနေသူများကိုလည်း ထပ်မံကောက်ယူ၍ထောက်ပံ့ပေးနိုင်ရန် နိုင်ငံတော်အကြီးအကဲက ထပ်ဆင့်မှာကြားထားသည်။ ဤသတင်းများကိုနားထောင်၍ စာရင်းပေးသွင်းရန်ကျန်ရှိနေသူများအနေဖြင့် သက်ဆိုင်ရာဌာနများသို့ သွားရောက်သတင်းပေးပို့ကြရန်ဖြစ်သည်။ သက်ဆိုင်ရာအုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများပေးအပ်ခြင်းမှာ ဝမ်းသာဖွယ်ကောင်းသည့်ဆောင်ရွက်ချက်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကြီး နှစ်ရက်တိုး၍ ကျင်းပသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ပြခန်းတာဝန်ခံများနှင့် ပြည်နယ်/တိုင်းဒေသကြီး အေဂျင်စီများအချင်းချင်းတွေ့ဆုံ၍ မိမိတို့၏ထုတ်ကုန်များကို နေရာအနှံ့ချိတ်ဆက်ဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ကြရန်လည်းကောင်း၊ ပြပွဲစတင်သည့်ရက်မှစ၍ ရုံးဖွင့်ရက်အတွင်းမှာပင် လာရောက်လေ့လာဝယ်ယူကြသည့် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက ပိုမိုလေ့လာမှတ်သားနိုင်ရန်နှင့် မိမိတို့လိုအပ်သောကုန်ပစ္စည်းများကို ပိုမိုဝယ်ယူအားပေးနိုင်ရန်အတွက်လည်းကောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နီးရပ်ဝေးမှ ရုံးဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများလာရောက်လေ့လာဝယ်ယူအားပေးနိုင်ရေး ရှေးရှု၍လည်းကောင်း MSME ထုတ်ကုန်ပြပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်မှ ၁၆ ရက်ထိ ထပ်မံတိုးမြှင့်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ၁၄-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၉၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်နံနက်ပိုင်းတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဆွေဆွေအေးက ကျောင်းသားလူငယ်များ အသိပညာဗဟုသုတများတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံ၍ ဗဟုသုတများရရှိစေရန် ယခုလိုဟောပြောပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာကြည့်တိုက်များအသုံးပြုတတ်စေရေး၊ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့် စာပေ၏အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၃)

## သဇင် (FM) အသံလွှင့်အစီအစဉ်

၁၅-၂-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့
၂။ ၀၈:၂၀ Morning Song
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ဆုရရှိသူများ၏ စကားသံများ

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ပြသရောင်းချပေးလျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ လာရောက်၍ ကိုယ်ပိုင်တစ်ပိုင်တစ်နိုင်ထုတ်လုပ်၍ ပိုမိုဖွံ့ဖြိုးတိုးတက်သည့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် ပါဝင်ပြသရောင်းချကြပြီး ဆုရရှိသူများ၏စကားသံများကို ဖော်ပြလိုက်ရပါသည်–**



ဒေါက်တာရဲလင်းအောင်



ဦးပြည့်ဖြိုးလှိုင်



ဦးလှိုင်မိုး



ဒေါ်မိုးသူဇာ



ဒေါ်ဆုပြည့်ပြည့်ထွန်း



ဒေါ်သက်မာညို



ဦးခွန်မျိုးညွန့်



ဦးသောင်းရွှေ

**ဒေါက်တာရဲလင်းအောင် (စူပါမင်းဆီစက်လုပ်ငန်း) (ဒေသတစ်ခု ထုတ်ကုန်တစ်ခုအကောင်းဆုံးဆု)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲမှာ ဒေသတစ်ခုထုတ်ကုန်တစ်ခု OROP အကောင်းဆုံးဆုကိုရရှိတာဖြစ်ပါတယ်။ ကျွန်တော် စူပါမင်းမြေပဲဆီသန့်ကနေပါဝင်ယှဉ်ပြိုင်ပြီး ဒီဆုကိုရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ အောင်မေတ္တာ(က)ရပ်ကွက် ၅ လမ်းနဲ့ ၆ လမ်းကြားမှာ နေထိုင်ပါတယ်။ မကွေးမြို့ရဲ့ ဆီအိုးကြီးဆိုတဲ့ဂုဏ်ကို ဆက်လက်ပြီး ထိန်းနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော့်ရဲ့ အရည်အသွေးပြည့်မီတဲ့ စားသုံးဆီတွေကို ပြည်သူတွေအတွက် ဈေးနှုန်းသင့်တင့်စွာပြန်လည်ရောင်းချနိုင်တဲ့အခွင့်အလမ်းကို ရရှိတာဖြစ်တဲ့အတွက် အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလို MSME ပြပွဲနှင့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့အတွက် အများကြီးအကျိုးရှိပါတယ်။ ဗဟုသုတတွေလည်းရရှိပြီး ရှေ့ဆက်ရမယ့်လုပ်ငန်းတွေအတွက် အများကြီးအထောက်အကူဖြစ်ပါတယ်။ အခုလို ပြပွဲနှင့်ပြိုင်ပွဲတွေကျင်းပပေးတဲ့ နိုင်ငံတော် အကြီးအကဲနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးပြည့်ဖြိုးလှိုင် (သံစဉ်နေလပျားရည်လုပ်ငန်းစု) အငယ်စားစီးပွားရေးလုပ်ငန်း (ပထမဆု)**

ကျွန်တော်က အငယ်စားလုပ်ငန်း ပထမဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ပါဝင်ယှဉ်ပြိုင်တာက ထုတ်ကုန်ပစ္စည်းတွေကို အဓိကထားပြသတာဖြစ်ပါတယ်။ ကျွန်တော်တို့က ပြည်တွင်းထုတ်ကုန်တွေကိုပဲ ပြသတာဖြစ်ပါတယ်။ ကျွန်တော် ရှေ့ဆက်ပြီး ဒီထက်ပိုကြိုးစားလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလိုမျိုးထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတွေကို နိုင်ငံတော်အစိုးရက ကျင်းပပေးခြင်းအားဖြင့် ကျွန်တော်တို့ထုတ်ကုန်တွေကို ပြည်သူတွေပိုသိအောင် ကြော်ငြာပြီးသားဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဦးလှိုင်မိုး (“HMG” မော်တော်ယာဉ်လေစစ်ဘူးလုပ်ငန်း)အငယ်စားစီးပွားရေးလုပ်ငန်း(တတိယဆု)**

“HMG” မော်တော်ယာဉ်လေစစ်ဘူးလုပ်ငန်းလုပ်ပါတယ်။ နိုင်ငံတော်က ယခုလိုပွဲမျိုးကို ကျင်းပပေးတဲ့အတွက် ကျွန်တော်တို့လို လုပ်ငန်းပိုင်ရှင်တွေအတွက် အရမ်းပဲကောင်းပါတယ်။ မန္တလေးကနေလာပြီး ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီလိုပွဲမျိုးက စီးပွားရေးနယ်ပယ်ကျယ်ပြန့်လာတာပေါ့။ နောက်နှစ်တွေမှာလည်း ဒီလိုပွဲမျိုးကို များများလေးလုပ်ပေးစေချင်ပါတယ်။ ကျွန်တော့်ရဲ့လုပ်ငန်းက အခုလိုမျိုး ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ ဆုရရှိတဲ့အတွက် ကျွန်တော့်ရဲ့လုပ်ငန်းမှာ မှတ်တိုင်တစ်ခုဖြစ်သွားတာပေါ့။ နိုင်ငံတော်အကြီးအကဲများနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်။

**ဒေါ်မိုးသူဇာ (“ခါတော်ဦး” စားသောက်ကုန်လုပ်ငန်း) စားသောက်ကုန်စံပြထုတ်ကုန်ဆု(တတိယဆု)**

ကျွန်မက အခုမှ ပထမဆုံးအနေနဲ့ လာရောက်ပြသပြီး ပြိုင်ပွဲဝင်တာပါ။ ခုလို ပထမဆုံးပြိုင်တဲ့ပွဲမှာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ ဆုရတာဆိုတော့ အရမ်းဝမ်းသာတယ်။ ရင်တွေလည်းခုန်နေတယ်။ ဒီပြပွဲမှာ ကျွန်မအတွက် လုပ်ငန်းတွေဆက်လုပ်ဖို့ အဆက်အသွယ်တွေအများကြီးရတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးအားလုံးမှာပြသထားတဲ့ ကုန်ပစ္စည်းတွေကိုလည်း တစ်နေရာတည်းမှာတွေ့ရှိရတဲ့အတွက် အရမ်းဝမ်းသာတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်မတို့ MSME လုပ်ငန်းဆိုတာ ကိုယ့်ပစ္စည်းကိုယ်ထုတ်ပြီးတော့ ကိုယ့်ကုန်တွေကို ထုတ်ရောင်းတယ်ဆိုပေမယ့် သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးနဲ့ အစိုးရအဖွဲ့တွေ ဝိုင်းပြီးတော့မှ ပူးပေါင်းလိုက်မယ်ဆိုရင် မလွဲမသွေအောင်မြင်မှာဖြစ်တယ်လို့ပြောချင်ပါတယ်ရှင်။

**ဒေါ်ဆုပြည့်ပြည့်ထွန်း (Su Signature လူသုံးကုန်လုပ်ငန်း )လူသုံးကုန်အထူးဆု**

ရန်ကုန်တိုင်းဒေသကြီးက Su Signature လူသုံးကုန်လုပ်ငန်းရဲ့လုပ်ငန်းရှင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလက်အောက်ခံဝန်ကြီးဌာနမှာ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကချီးမြှင့်တဲ့ စံပြထုတ်ကုန်ဆုအထူးဆုကို ရရှိထားတာဖြစ်ပါတယ်။ Su Signature လူသုံးကုန်ကနေရရှိခဲ့တာဖြစ်ပါတယ်။ ညီမတို့ဒေသတွင်းမှာထွက်ရှိတဲ့ ထုတ်ကုန်တွေကိုအသုံးပြုပြီး အရည်အသွေးကောင်း အဆင့်မီတဲ့ မြန်မာထုတ်ကုန်တွေကို ချပြခွင့်ရတဲ့အတွက် အရမ်းပဲကျေးဇူးတင်ပါတယ်။ ဒီလိုဆုကို ရရှိခဲ့တဲ့အတွက် အရမ်းဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီလိုပွဲမျိုး စီစဉ်ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ပါတယ်။

**ဒေါ်သက်မာညို(Better Bee ပျားရည်နှင့် စားသောက်ကုန်လုပ်ငန်း) စားသောက်ကုန်အထူးဆု**

ကျွန်မတို့ထုတ်ကုန်ကတော့ သန့်စင်ပြီး ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံကထွက်ရှိတဲ့ သဘာဝပျားရည်နဲ့ ပျားသံပရာကို ထုတ်လုပ်ရောင်းချလျက်ရှိပါတယ်။ ပျားမွေးသူများနဲ့ သီးနှံစိုက်ပျိုးသူများအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုပါတယ်။ သဘာဝထုတ်ကုန်တွေကို တာရှည်ခံဆေးတွေမပါဘဲ သန့်စင်ထားတဲ့ပျားရည်နဲ့ သံပရာကို စနစ်တကျပေါင်းစပ်ထားပြီးတော့ ထုတ်လုပ်ထားပါတယ်။ ဒီပျားသံပရာကို စားသုံးခြင်းအားဖြင့် ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ အူလမ်းကြောင်းကို သန့်စင်စေပါတယ်။ ကိုယ်ခံအားကိုလည်း မြှင့်တင်စေပါတယ်။ ကိုယ်တွင်းမှာရှိတဲ့ အဆီခဲတော်ကိုကျစေပါတယ်။ ဒီလိုပွဲမျိုးကျင်းပပေးတဲ့အတွက် ကျွန်မတို့ထုတ်ကုန်နဲ့ပတ်သက်ပြီး စားသုံးသူတွေကို တိုက်ရိုက်ထိတွေ့ရှင်းပြရတယ်။ များစွာအကျိုးရှိတဲ့ ပွဲလို့ပြောလို့ရပါတယ်။ ဒီလိုပွဲမျိုးကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများကို များစွာကျေးဇူးတင်ပါတယ်။ ဒီနေ့မှာ ကျွန်မရဲ့စားသောက်ကုန်ကို စိစစ်ရွေးချယ်ပြီး အခုလို အထူးဆုချီးမြှင့်ပေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးခွန်မျိုးညွန့်(ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) (ကော်ဖီလုပ်ငန်းရှင်အသေးစားစီးပွားရေးလုပ်ငန်းအထူးဆု)**

ကျွန်တော်တို့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဟိုပုံးမြို့နယ်နဲ့ ဆီဆိုင်မြို့နယ်တို့ နှစ်ခုကြားမှာရှိတဲ့ မဲနယ်တောင်တန်းက ကော်ဖီကိုအခြေပြုပြီး ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ အထူးဆုကို ကျွန်တော်ရရှိတာဖြစ်ပါတယ်။ အခုလိုဆုမျိုးကိုရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ အခုလိုမျိုး ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတွေကို နိုင်ငံတော်အစိုးရက ကျင်းပပေးတဲ့အတွက် ကျွန်တော်တို့လို လုပ်ငန်းရှင်များအတွက် အလွန်ကောင်းပါတယ်။ အင်မတန်အကျိုးရှိတဲ့ပွဲလို့ပြောလို့ရပါတယ်။ ဒီလိုပွဲမျိုးကို ပါဝင်ခြင်းအားဖြင့် လုပ်ငန်းအသေးစားကနေ လုပ်ငန်းအငယ်စားအထိတက်လာနိုင်တာဖြစ်ပါတယ်။ ကျွန်တော်ဆိုရင် ကော်ဖီစိုက်တောင်သူကနေ ကော်ဖီလုပ်ငန်းရှင်၊ ကော်ဖီစိုက်အသိပညာပေးတဲ့အထိဖြစ်လာပါတယ်။ အထိမ်းအမှတ်ပြပွဲ၊ ပြိုင်ပွဲတွေမှာ ပါဝင်ခြင်းအားဖြင့် အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက လုပ်ငန်းရှင်တွေနဲ့တွေ့ဆုံပြီးတော့မှ အသိပညာတွေကိုဝေမျှဖြစ်လို့ လုပ်ငန်းတွေကို တိုးချဲ့နိုင်တာလည်းဖြစ်ပါတယ်။ ဒီပွဲက အကျိုးရှိတယ်လို့ကျွန်တော်ပြောလိုပါတယ်။

**ဦးသောင်းရွှေ(အောင်ကောင်းမြတ်လယ်ယာကုန်ထုတ်သမဝါယမအသင်းအတွင်းရေးမှူး)(ကုန်ထုတ်သမဝါယမအသင်းအထူးဆု)**

ကျွန်တော်တို့အသင်းက အထူးဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းက တောင်သူ ၅၅ ဦးနဲ့ သမဝါယမအသင်းဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာက နှမ်းရိုးကတအားပေါပါတယ်။ အဲဒီနှမ်းရိုးတွေကို အရင်တုန်းကလို အလဟဿမဖြုန်းတီးဘဲ သဘာဝမြေဩဇာအဖြစ် ပြောင်းလဲသုံးစွဲရင် တောင်သူတွေရဲ့ ထွက်ကုန်သီးနှံတွေ အကျိုးဖြစ်ထွန်းမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့တောင်သူတွေက ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ သီးနှံတွေမှာဆိုရင်လည်း အော်ဂဲနစ်သီးနှံတွေက တခြားသီးနှံတွေထက်ပိုပြီး ကမ္ဘာမှာခေတ်စားနေတာဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော်တို့ အော်ဂဲနစ်သီးနှံဖြစ်ဖို့ သဘာဝမြေဩဇာကလိုအပ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်းလုပ်တယ်။ ကိုယ်စိုက်တဲ့အခင်းမှာ သဘာဝမြေဩဇာကို အသုံးပြုပါတယ်။ ကျွန်တော်တို့ရွာမှာလည်း လူတိုင်းလုပ်တတ်အောင်လိုက်ပြီးနမူနာလုပ်ပေး၊ ကူညီပေးပါတယ်။ ကိုယ့်ယာတွေမှာ ပဲရိုး၊ နှမ်းရိုးတွေကို အခြေပြုပြီးတော့ မြေဩဇာတွေကို ပြုလုပ်ခြင်းအားဖြင့်အစိုဓာတ်ထိန်းတာတွေ၊ မြေဆီလွှာပျက်စီးတာတွေကိုကောင်းပြီး သီးနှံအထွက်နှုန်းတိုးပါတယ်။ ဒါကြောင့် လူတိုင်းလုပ်နိုင်အောင် ပြပွဲ၊ ပြိုင်ပွဲတွေကို နိုင်ငံတော်အစိုးရက ကျင်းပပေးခြင်းအားဖြင့် တောင်သူတွေအတွက် အလွန်အကျိုးရှိတဲ့ပွဲလို့ ကျွန်တော်ပြောချင်ပါတယ်။

**လှဲ့ရည်လှိုင်၊ ရွှေဖြိုး(မြဝတီ)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

> **"မင်းကြီး၏တောလိုက်စာရေးဘဝတွင် ကျွန်ုပ်သည် မြန်မာပြည်ရထားလမ်းတစ်လျှောက်နှင့် သင်္ဘောလမ်းတစ်လျှောက်လုံးတွင် မရောက်ဖူးသော မြို့ဟူ၍မရှိ။ ဒေသန္တရဗဟုသုတအများကြီးရခဲ့ပါ၏။ သမဝါယမအသင်းကိစ္စနှင့်သော်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးကိစ္စနှင့်သော်လည်းကောင်း၊ လက်မှုပညာရေးကိစ္စနှင့်သော်လည်းကောင်း တစ်ခုမဟုတ်တစ်ခု၊ တစ်နေရာမဟုတ်တစ်နေရာသို့ အမြဲသွားနေရသည့်အပြင် ရန်ကုန်သို့လည်း လတိုင်းရောက်ရသည်ကများ၏. . ."**

**ယမန်နေ့မှအဆက်**

### ပထမအိမ်ထောင်

ဤသို့သောအခြေအနေတွင် ကျွန်ုပ်သည် ကျွန်ုပ်တို့ရုံးမှ စာရေးလေးတစ်ယောက်နှင့်စကားစပ်မိကြ၍ မြေတိုင်းကျောင်းဆရာကြီး၏ သမီးနှစ်ယောက်အိမ်သို့ အလည်လိုက်သွား၏။ သမီးအငယ် မလှမှူးမှာ မျက်ခုံး၊ မျက်လုံးလှသူဖြစ်၍ စံဒေဝီ၏စွဲမက်ခြင်းမျိုး မဟုတ်စေကာမူ တော်လောက်ပြီဟု သဘောကျ၏။ ကျွန်ုပ်အိမ်ထောင်ဖက်ရှာခြင်းမှာ အလေသုံးဆယ်ရှိလှ၏။ စံဒေဝီအိမ်ထောင်မပြုမီ ဦးအောင်ယူရမည်ဆိုကာ နောက်မှလူလိုက်သကဲ့သို့ အပြေးအလွှားစိတ်ကူးတော့၏။ ဤနေရာ၌မူ စံဒေဝီကိုရှုံ့ခြင်းမျိုး လုံးဝမရှိတော့ဘဲ ရဲရဲကြီးစကားဆို၍ မြန်မြန်ကြီးစီမံလိုက်ရာ ရက်ပိုင်းမျှအတွင်း လောက်ပင် လက်ထပ်ပြီးစီးသွားခဲ့လေပြီ။ ထိုစဉ်ကမူ စံဒေဝီယောကျ်ားမရမီ အိမ်ထောင်ပြုရခြင်းသည်ပင် "အောင်ပြီ၊ အောင်ပြီ" ဟု စိတ်ထဲကကြွေးကြော်မိပါသေးသည်။ (အကယ်၍ နောက်ပိုင်းတွင် သိရသည့်အတိုင်း စံဒေဝီ၏မေတ္တာကို စိတ်ချရ၍ ဖွင့်ဟဝန်ခံသော စကားတစ်ခွန်း ရရှိထားခဲ့ပါမူကား ကျွန်ုပ်သည် သူသေသည်အထိ စောင့်ဆိုင်းနေခဲ့လိမ့်မည်ထင်မိပါသည်။ စံဒေဝီမှာ ၂၉ နှစ် အရွယ်တွင် ကွယ်လွန်၍ ကျွန်ုပ်မှာ အသက် ၃၀ မျှရှိပါလေပြီ။

### ရာထူးတက်ခြင်း

ထိုအတောအတွင်း ကျွန်ုပ်မှာ ရာထူးတိုးတက်လျက်ရှိပါ၏။ အကယ်၍ စံဒေဝီသည် ထိုအချိန်တွင် အိမ်ထောင်ပြုပြီးဖြစ်ခဲ့ပါမူ ကျွန်ုပ်သည် အလုပ်တွင် သူလိုငါလိုကြီးပွားချင်သောစိတ်မျိုးရှိ၍ သူတို့စုံတွဲထက်သာအောင် ဝီရိယစိုက်လိမ့်မည်ထင်၏။ ယခုမှာ စံဒေဝီသည် အပျိုကြီးပင်ရှိသေး၍ ကျွန်ုပ်မှာ နောက်ဆံတငင်ငင်ဖြစ်လျက်ရှိ၏။ ရုံးတွင် အတော်အစအနကောင်းသော စာရေးတစ်ယောက်ဖြစ်နေပါလျက် သူတစ်ပါးနည်းတူ မကြိုးစားဘဲ ဝတ်ကျေဝတ်ကုန်မျှလောက်သာ အလုပ်လုပ်လျက်ရှိ၏။ မင်းကြီးကမူ ကျွန်ုပ်ကို အတော်အထင်ကြီး၍ တခြားစာရေးတစ်ယောက်အပေါ်သို့ ကျော်ကာ ကျွန်ုပ်အား သူ၏တောလိုက်စာရေးခန့်လိုက်၏။ လခမှာ ၇၅ ကျပ်-၅ ကျပ်-၁၀၀ ကျပ်မျှသာဖြစ်သော်လည်း ခရီးစရိတ် ၁၀၀ ကျပ်ကျော် ရလေသည်။ မင်းကြီးသည် လယ်ယာစိုက်ပျိုးရေးဌာနကိုလည်းကောင်း၊ သမဝါယမဌာနကိုလည်းကောင်း၊ လက်မှုပညာဌာနကိုလည်းကောင်း သုံးဌာနကိုင်ရ၍ ဌာနတစ်ခုတစ်ခုသည် မြန်မာတစ်ပြည်လုံးအတွက်ဖြစ်ရကား နယ်လှည့်လိုက်ရသည်မှာ နားရတော့သည်မရှိချေ။ တစ်လတွင် ၂၇ ရက်မျှ နယ်လှည့်ရ၍ သုံးရက်ခန့်မျှသာ မန္တလေးမြို့၌ နေခွင့်ရရှိပါတော့သည်။ ထို့ကြောင့်လည်း ကျွန်ုပ်အတွက် ခရီးစရိတ် ၁၀၀ ကျပ်ကျော်ရခြင်းဖြစ်ရာ လခနှင့်ပေါင်းလိုက်လျှင် ၂၀၀ ကျပ်ခန့်ရရှိ၏။ ဤသည်မှာ ပထမကမ္ဘာစစ်မတိုင်မီကဖြစ်၍ ယခု ငွေ ၁၀၀၀ ကျော်မက သုံးလောက်စွဲလောက်ပေသည်။ ကျွန်ုပ်၏အသက်မှာ ၂၂ နှစ်မျှသာရှိသေး၍ တော်တော်ဟန်သည်ဟု ဆိုနိုင်လောက်ပါသည်။

### ရန်ကုန်သို့ ပထမအခေါက်

မင်းကြီး၏တောလိုက်စာရေးဘဝတွင် ကျွန်ုပ်သည် မြန်မာပြည်ရထားလမ်း တစ်လျှောက်နှင့် သင်္ဘောလမ်းတစ်လျှောက်လုံးတွင် မရောက်ဖူးသောမြို့ဟူ၍မရှိ။ ဒေသန္တရ ဗဟုသုတအများကြီးရခဲ့ပါ၏။ သမဝါယမအသင်းကိစ္စနှင့်သော်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးကိစ္စနှင့်သော်လည်းကောင်း၊ လက်မှုပညာရေးကိစ္စနှင့်သော်လည်းကောင်း တစ်ခုမဟုတ်တစ်ခု၊ တစ်နေရာမဟုတ်တစ်နေရာသို့ အမြဲသွားနေရသည့်အပြင် ရန်ကုန်သို့လည်း လတိုင်းရောက်ရသည်ကများ၏။ ကျွန်ုပ်မှာ ထိုအချိန်က ရန်ကုန်သို့ ကောင်းကောင်းရောက်ဖူးသူ မဟုတ်သေးသည်နှင့် ရန်ကုန်မြို့နှင့်တကွ မြို့သူမြို့သားများအား အထင်ကြီးခဲ့ပုံကို ဖော်ပြရပါဦးမည်။ ၁၉၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ ဂျူဗလီဟောလ်ရုံကြီး၌ ကျွန်ုပ်တို့၏ လက်မှုပညာဌာနက ကြီးမှူးကျင်းပသည့် လက်မှုပညာပြပွဲကြီးပြုလုပ်ရာတွင် မင်းကြီးနှင့် ကျွန်ုပ်သည် ခပ်စောစော ကြိုတင်ဆင်းသွားကြ၍ မင်းကြီးက ပဲခူးကလပ်၌တည်းရာ ကျွန်ုပ်လည်း သူနှင့်အတူ တည်းရ၏။ (အတူဆိုသော်လည်း အစေခံများနှင့် အိပ်ရခြင်းဖြစ်သည်။) ဤတစ်ခေါက်မှာ ကျွန်ုပ်အဖို့ရာ၌ ပထမအခေါက်ဖြစ်၍ ပကတိတောသားတစ်ယောက်နှင့် ဘာမျှမခြား။ အလွန်တွန့်ဆုတ်လျက်ရှိ၏။ (တောလိုက်စာရေးနေရာမှာ စာရေးကြီး ကိုမြစ်၏နေရာဖြစ်၍ ကိုမြစ်ခွင့်ယူသွားသောကြောင့် ကျွန်ုပ်ဝင်လုပ်ရခြင်းဖြစ်ရာ ကိုမြစ်လည်း ကျွန်ုပ်ကိုလာ၍ အကူအညီပေးပေသည်။) မရောက်ဖူးသဖြင့် ရွံ့ကြောက်လျက်ရှိသော ရန်ကုန်မြို့ကြီးတွင် ဂျူဗလီဟောလ်ရုံကြီး၌ တစ်နိုင်ငံလုံးဆိုင်ရာပြပွဲကြီးတစ်ခုကို ကျွန်ုပ်တစ်ယောက်တည်း (မင်းကြီးလက်အောက်၌) ဦးစီးလုပ်ကိုင်ရမည်ဆိုလျှင် ထွက်ပြေးမိလိမ့်မည်ထင်၏။ ကိုမြစ်က "မလန့်နဲ့နော် ကိုယ့်လူ၊ မသိတာရှိရင် ကျုပ်ကိုမေး၊ ရဲရဲသာလုပ်" ဟု ခဏခဏအားပေးရှာ၏။ ကျွန်ုပ်ကား စာရေးဖို့ဆိုလျှင်မကြောက်။ ဗာဟီရအလုပ်မျိုးမူကား ဝါသနာမပါသောကြောင့် ဘာမဆိုခက်သည်ချည်းထင်မိ၏။ မည်မျှပင်အားပေးရှာသော်လည်း ကျွန်ုပ်ကား လန့်၍မဆုံးအောင် ဖြစ်နေပါတော့သည်။

### တကယ်တော်သော လူတစ်ယောက်

ပြပွဲဖွင့်သောနေ့၌ လာလိုက်ကြသည့် အရာရှိကြီးတွေ၊ မျက်နှာဖြူကုမ္ပဏီသူဌေးကြီးတွေ၊ တချို့လည်းထီးတည်း၊ အများအားဖြင့် စုံတွဲ စသည်ဖြင့် ဟောလ်ကြီးတစ်ခုလုံးပြည့်သွား၏။ ထိုစဉ်က ကျွန်ုပ်မှာ အင်္ဂလိပ်ဝတ္ထုများ အတော်အတန်ဖတ်ဖူးပြီဖြစ်သော်လည်း သောမတ်စ်ပိန်း၏ လူ့အခွင့်အရေး Right of Man ခေါ် မျက်စိဖွင့်ပေးသည့် စာအုပ်ကောင်းကြီးမျိုးကို မဖတ်ရဖူးသေးသည်ဖြစ်သောကြောင့် အင်္ဂလိပ်လူမျိုးကို အလုံးစုံကြည်ညို၍ အိုင်စီအက်စ်အရာရှိကြီးတွေကို တစ်စုတစ်ဝေးတည်းမြင်ရသော ဤပြပွဲတွင် ၎င်းတို့အားလုံးကို အလွန်ညွတ်သောစိတ် ဖြစ်ပေါ်လျက်ရှိ၏။ "တယ်ကြီးကျယ်ပါပေတကား၊ အင်မတန် လူအဖိုးတန်ကြီးတွေထဲတွင် ငါရောက်နေရချေသည်တကား" အစရှိသောစိတ်ကူးများ ဖြစ်ပေါ်လျက်ရှိ၏။ ထိုအထဲတွင် မင်းကြီးကတော် ဒေါ်မြမေ (Mrs. Hla Oung) ကလည်း လက်ရွေးစင်အပျိုချောတစ်သိုက်နှင့် ဂျူဗလီဟောလ်ဝင်းကြီးထဲတွင် မိုးကာတဲကြီးတည်ဆောက်လျက် ဗိုလ်ကြီးများအား လက်ဖက်ရည်ရောင်းလျက်ရှိရာ (ကျောင်းအလှူငွေအတွက်ဖြစ်သည်။) အဝတ်အစားဆင်တူဖြင့် စတိုင်ကျကျဝတ်ဆင်ထားသည့် ၎င်းအပျိုချောများက ဗိုလ်ကြီးနှင့်ဗိုလ်မကြီးများ ထံချဉ်းကပ်ကာ အင်္ဂလိပ်လိုတရွှတ်ရွှတ်ပြောလျက် မိုးကာတဲသို့တွဲထုတ်သွားကြခြင်းများသည်လည်း ကျွန်ုပ်၏မျက်စိ၌ အလွန်ခံ့ထည်၍ ကြည့်ကောင်းလှသည်။ မြန်မာမိန်းမတွေ အင်္ဂလိပ်လို လည်လည်ပတ်ပတ်ပြောတတ်ခြင်းကို မတွေ့ရဖူးသေးသည့် ကျွန်ုပ် (မန္တလေးတောသားတစ်ယောက်) အဖို့ရာ၌ အလွန်ကြီးကျယ်သည်ထင်၍ တအံ့တသြဖြစ်မိပါတော့သည်။ (မန္တလေးတောသား ဆိုသောကြောင့် မန္တလေးသားများက အပြစ်မဆိုကြပါကုန်လင့်။ ကျွန်ုပ်မှာ ထိုစဉ်က မိမိကိုယ်ကို တကယ့်တောသားတစ်ယောက်အနေဖြင့် မြင်လျက်ရှိသောကြောင့်ဖြစ်ပါသည်။ ဖျင်းသည်ဟုဆိုချင်ဆို၊ "ကား" ခြင်းတော့မဟုတ်ရပါ။) ကိုမြစ်မူကား ကျွန်ုပ်ထက် ခြောက်နှစ်ခန့်ကြီးသည့်အပြင် ရန်ကုန်ကောလိပ်၌ အက်ဖ်အေသင်ခဲ့ဖူးသည့် လူလည်ကြီးတစ်ယောက်ဖြစ်သောကြောင့် သူ၏အမူအရာကို ကျွန်ုပ်အတုခိုး၍ မကုန်နိုင်အောင်ရှိပါတော့သည်။ (ကိုမြစ်မှာ ကျောင်း၌ ကျွန်ုပ်တွေ့ခဲ့ဖူးသည့် ကိုထွန်းလှနှင့်တန်းတူ ထားထိုက်သည့် လူတစ်ယောက်ဖြစ်ရာ မြို့အုပ်စာမေးပွဲအောင်၍ အရေးပိုင်အထိဖြစ်ပြီးမှ စစ်မဖြစ်မီ ကွယ်လွန်သွားရှာသည်။ ဗြိတိသျှအစိုးရလက်ထက်၌ အရေးပိုင်ဟူသည်မှာ အတော်အတန်နှင့် ဖြစ်နိုင်သည်မဟုတ်။ တကယ်တော်သော လူစားမျိုးသာဖြစ်နိုင်သည်။ ညာတတ်လျှင် ဖြစ်နိုင်သည်ဟု တချို့ကဆိုပေလိမ့်မည်။ သို့သော် ဗိုလ်ကြိုက်အောင် ညာရုံနှင့်မပြီး။ တကယ်လည်းတော်မှ ဖြစ်နိုင်ပါသည်။ ရိုးရိုးရုံနှင့် ဖြစ်နိုင်လျှင် လူတိုင်းအရေးပိုင်ဖြစ်ကုန်ကြပေလိမ့်မည်။ ကိုမြစ်သည် ကျွန်ုပ်၏အရေးအသားကိုသဘောကျသည်နှင့် အစအနရှိသူတစ်ယောက်ဟုယူဆကာ ဗိုလ်ကြိုက်အောင် မည်ကဲ့သို့လုပ်ရမည်ဟု ကျွန်ုပ်အား သင်ပြပေးသည်။ သို့ရာတွင် ၎င်းဘက်၌ အစွမ်းအစမရှိခြင်းကို သိမြင်သည့် လက္ခဏာနှင့်"ခင်ဗျားကတော့ ရိုးရိုးလမ်းအတိုင်းလိုက်ပါလေ၊ ကြိုးစားလျှင်တော့ ကြီးပွားပါတယ်" ဟု ပြုံးရယ်ကာပြောဖူးရှာသည်။) **ဆက်လက်ဖော်ပြပါမည်။**

---

## ကျွန်းလှမြို့နယ်၌ နွေစပါး ပျိုးသက်နုကောက်ကွက်ကျဲ (SRI) စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကျင်းပ



ကျွန်းလှ ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ဘိုယားတမံအနီး လယ်မြေငါးကေ၌ နွေစပါး ပျိုးသက်နုကောက်ကွက်ကျဲ(SRI)စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပျိုးသက်နုကောက်ကွက်ကျဲ (SRI)နည်းဖြင့် စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသော မည်သည့်စပါးမျိုးမဆို စိုက်ပျိုးနိုင်ကြောင်း၊ စပါးပင်များသန်စွမ်းပြီး အထွက်နှုန်းကောင်းမွန်ကြောင်း၊ မြေ၊ အရင်းအနှီး၊ လုပ်အားနှင့်ရေ အကန့်အသတ်ရှိသူများ အကျိုးအမြတ်အများဆုံးရရှိကြောင်း ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသူများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ နွေစပါးစိုက်ပျိုးနည်းကွင်းသရုပ်ပြပွဲ၌ ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဖြိုးသန့်ဇင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးကြသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၁၆၆ ဧကစိုက်ပျိုးရန်လျာထားပြီး ဘိုယားတမံမှ ရေသွယ်စနစ်ဖြင့် ဧက ၄၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းရှိ တောင်ငူ-ပျဉ်းမနားလမ်းပိုင်း၌ ရထားလမ်းအဆင့်မြှင့်တင်မှု ဆောင်ရွက်နေသည့်လုပ်ငန်းများအား ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး RBE ရထားဖြင့်လိုက်ပါစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားဘူတာမှ RBE ရထားဖြင့်လိုက်ပါ၍ ပျဉ်းမနား-တောင်ငူရထားလမ်းပိုင်း ၅၉ မိုင်အတွင်း ရထားများ အမြန်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေးအတွက် သံလမ်းနှင့်တံတားများ အဆင့်မြှင့်တင်နေမှုလုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးသည်။





ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘူတာအဝင်များ၌ လမ်းလွှဲလမ်းကူးနေရာများတွင် ရထားအရှိန်နှုန်းကို လျှော့ချနေရသည့် အခြေအနေကိုစစ်ဆေး၍ ရထားဖြတ်သန်းမှုဘေးအန္တရာယ်ကင်းရှင်းစွာ မိုင်နှုန်းတိုးမြှင့်ဖြတ်သန်းနိုင်မည့် ခေတ်မီစိတ်ချရသည့် Cast Manganese Steel အမျိုးအစား လမ်းလွှဲလမ်းကူးအသစ်များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းကို အမြန်ဆုံးစီမံဆောင်ရွက်သွားရေး၊ ရထားတံတားချဉ်းကပ်လမ်းများ၌ ဘေးအန္တရာယ်ပိုမိုကင်းရှင်းစေရေး၊ ကြံ့ခိုင်မှုပိုမိုကောင်းမွန်စေရေး၊ ရထားလမ်းဘေးတစ်လျှောက် ပြန်လည်သိမ်းဆည်းရန်ကျန်ရှိနေသည့် သံလမ်းအဟောင်းများအား ဘူတာများ၌ စနစ်တကျရွှေ့ပြောင်းသိမ်းဆည်းရေး၊ ရထားအမြန်နှုန်းမြှင့်တင်နိုင်ရန်အတွက် လိုအပ်နေသောလမ်းခင်းကျောက်များ ဖြည့်တင်းပေးနိုင်ရေး၊ ရထားလမ်းဘေးတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေးနှင့် ဘူတာများတွင် ဝန်ထမ်းများ သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း တာဝန်ထမ်းဆောင်ကြစေရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူဘူတာနှင့် သောင်းတိုင်ကုန်းဘူတာအကြား အဆန်လမ်းတွင် ခပေါင်းသံပေါင်တံတားပေါ်၌ ရထားများ မိုင်နှုန်းတိုးမြှင့်ဖြတ်သန်းနိုင်ရေးအတွက် သစ်သားဇလီဖားအဟောင်းများအစား ခေတ်မီ Synthetic Sleeper အသစ်များဖြင့်လည်းကောင်း၊ မူလ ၇၅ ပေါင်သံလမ်းဟောင်းများအစား ပေါင် ၁၀၀ အလေးချိန်ရှိ 50 N သံလမ်းအသစ်များဖြင့် လည်းကောင်း အစားထိုး၍ တံတားပိုမိုကြံ့ခိုင်လာအောင် ကြိုးပမ်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ရှိ မြန်မာ့မီးရထားဝန်ထမ်းများအား နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ-တရုတ်နှစ်နိုင်ငံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျှိုကျုံးရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား တို့နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအတွက် တရားဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်စပ်ဒေသရှိ အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုကွန်ရက်များ ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံသက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအပါအဝင် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး ပိုမိုမြှင့်တင်ရန် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသောတပ်မတော်သားများအား အလေးပြုပြီးနောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့၏ သရုပ်ပြတီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်း(၂၆)သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ


ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၄


ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် ရောဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

အလားတူ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)




## နေရာကွက်ကျားမိုးအနည်းငယ်ရွာမည်

၁၅-၂-၂၀၂၅


စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ (မိုး/ဇလ)

# “MSMEလုပ်ငန်းရှင်တွေကို အထောက်အကူပြုနိုင်ဖို့ အားလုံးစုစည်းပြသကြတာဖြစ်ပါတယ်။ ပြခန်းတွေကတစ်ဆင့် နည်းပညာသစ်တွေ၊ အကြံဉာဏ်သစ်တွေ ရရှိနိုင်မယ်၊ ဖလှယ်နိုင်မယ်၊ သိရှိလိုတာတွေကိုလည်း မေးမြန်းနိုင်ပါတယ်”

ဒေါ်နေခြည်ချိုလင်း (ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် MSME လုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပြခန်းပြသပြီး စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် သက်ဆိုင်သော နည်းပညာ၊ အသိပညာများဆွေးနွေးဖြန့်ဝေပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည်-



ဦးအောင်ကျော်သက်



ဒေါက်တာမြင့်သိန်းဝင်း



ဦးဝင်းဦး



ဦးကျော်စိုး



ဒေါ်နေခြည်ချိုလင်း



ဦးစန်းလှိုင်

**ဦးအောင်ကျော်သက်**
**ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)**

အခုပြပွဲမှာ ကျွန်တော်တို့ဌာနအနေနဲ့ တောင်သူတွေရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ ရေရရှိဖို့အတွက်ဆောင်ရွက်တဲ့ ဆိုလာစနစ်နဲ့ ရေတင်စိုက်ပျိုးနိုင်မယ့် ရေစုပ်စက်နဲ့ ဆိုလာချပ်တွေကို သရုပ်ပြတပ်ဆင်ပြသထားပါတယ်။ အခုလို သရုပ်ပြတပ်ဆင်မောင်းနှင်တဲ့ ရေစုပ်စက်တွေကတော့ တောင်သူတွေ ကုန်ကျစရိတ်အနည်းဆုံးနဲ့ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဌာနကနေ သုတေသနပြုစမ်းသပ်ထားတဲ့ ရေစုပ်စက်နဲ့ ဆိုလာချပ်အတွဲတွေ ဖြစ်ပါတယ်။

ဒီလိုပြသတဲ့ အဓိကရည်ရွယ်တာကတော့ တောင်သူတွေစိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်ဆောင်ရွက်နိုင်ဖို့၊ ဆိုလာစနစ်သုံး ရေစုပ်စက်တွေကို အတိုးနှုန်းသက်သာစွာနဲ့ ချေးငွေရယူဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ စီစဉ်ဆောင်ရွက်ပေးတယ်ဆိုတာကို သိရှိစေလိုတာဖြစ်ပါတယ်။

တောင်သူတွေအနေနဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ဆိုလာစနစ်စိုက်ပျိုးရေစက်ရေတွင်းတူးဖော်ခြင်း၊ တူးဖော်ပြီး စိုက်ပျိုးရေစက်ရေတွင်းတွေကို ဆိုလာစနစ်ပြောင်းလဲတပ်ဆင်ခြင်း၊ မြစ်/ချောင်း/ကန်/မြောင်းတွေကရေကို ဆိုလာစနစ်နဲ့ရေတင်စိုက်ပျိုးခြင်းလုပ်ငန်းတွေ ဆောင်ရွက်နိုင်ပါတယ်။ ချေးငွေပြန်လည်ပေးဆပ်ရမယ့်ကာလက ၁ နှစ် ၆ လ ဖြစ်ပါတယ်။ ပထမ ၆ လမှာ အရင်း ၃၀ ရာခိုင်နှုန်းနဲ့ အတိုး ၁ ရာခိုင်နှုန်း၊ ဒုတိယ ၆ လမှာ အရင်း ၃၀ ရာခိုင်နှုန်းနဲ့ အတိုး ၁ ရာခိုင်နှုန်း၊ တတိယ ၆ လ မှာ အရင်း ၄၀ ရာခိုင်နှုန်းနဲ့ အတိုး ၁ ရာခိုင်နှုန်းဖြစ်ပါတယ်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပထမအကြိမ် ငွေကျပ် ၆၀၄ ဒသမ ၂၀၀ သန်းနဲ့ ပြည်ထောင်စုနယ်မြေအပါအဝင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက မြို့နယ် ၁၉ မြို့နယ်၊ တောင်သူ ၁၃၂ ဦး၊ လုပ်ငန်း ၁၆၅ ခုက စိုက်ပျိုးမြေ ၁၃၉၂ ဒသမ ၃၃ ဧက အတွက် စိုက်ပျိုးရေရရှိရေး လုပ်ငန်းတွေဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့ တောင်သူတွေအတွက်ဆက်လက်ဆောင်ရွက်သွားဖို့အတွက်လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။

**ဒေါက်တာမြင့်သိန်းဝင်း**
**ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

ပြပွဲမှာ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (GAHP/GBP) တွေနဲ့အညီ မွေးမြူထားပြီး ရရှိလာတဲ့တိရစ္ဆာန်နဲ့တိရစ္ဆာန်ထွက်ပစ္စည်းတွေ၊ MSME လုပ်ငန်းတွေကထုတ်လုပ်ထားတဲ့တန်ဖိုးမြှင့်ပျားနဲ့ ပျားထွက်ပစ္စည်း၊ နို့နဲ့နို့ထွက်ပစ္စည်း၊ အသားနဲ့အသားထွက်ပစ္စည်း၊ သားရေထုတ်ကုန်တွေနဲ့ တိရစ္ဆာန်ကထွက်ရှိတဲ့စွန့်ပစ်ပစ္စည်းတွေနဲ့ပြုလုပ်ထားတဲ့သဘာဝမြေဩဇာတွေ၊ ပြည်တွင်းဖြစ် အရည်အသွေးမြင့်တိရစ္ဆာန်စပ်စာတွေကို ပြသထားပါတယ်။ ဒါ့အပြင် ကောင်းမွန်တဲ့ မွေးမြူရေးကျင့်စဉ်တွေ၊ မွေးမြူရေးစာအုပ်တွေ၊ မွေးမြူရေးပညာပေး လက်ကမ်းစာစောင်တွေနဲ့ မျိုးမြှင့်သားစပ်ကိရိယာတွေလည်း ထည့်သွင်းပြသထားပါတယ်။

ကျွန်တော်တို့ ဌာနအနေနဲ့ (GAHP)နဲ့အညီ မွေးမြူနိုင်ဖို့ SOPs တွေထုတ်ပြန်ခြင်း၊ သင်တန်းပေးခြင်း၊ စည်းရုံးတိုက်တွန်းခြင်း၊ လိုက်နာဖို့ အကြံပြုခြင်းစတဲ့ လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်ရပါတယ်။ ပြီးတော့ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေရဲ့ အသားစံချိန်စံညွှန်းတွေကိုလည်း အမျိုးသားစံချိန်စံညွှန်းကောင်စီကို တင်ပြဆောင်ရွက်ခဲ့ပြီး စံချိန်စံညွှန်းလေးမျိုးကို အတည်ပြု ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကိုလည်းပြသထားပါတယ်၊ ဒါကြောင့် မွေးမြူရေးနည်းပညာ၊ ထုတ်ကုန်ဆိုင်ရာ အသိပညာတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပြခန်းကိုလာရောက်လေ့လာကြပါ။ ပြီးတော့ မွေးမြူရေးကဏ္ဍနဲ့ ပတ်သက်တာတွေကိုသိရှိလိုသမျှဆက်သွယ်မေးမြန်းနိုင်ပါတယ်လို့ ပြောကြားလိုပါတယ်။

**ဦးဝင်းဦး**
**ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန**

ပြခန်းမှာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက အထွက်ကောင်းအရည်အသွေးကောင်း မျိုးများဖြစ်သည့်နေကြာ၊ နှမ်း၊ ပဲပုပ်နဲ့ ပြောင်းတို့ကိုပြသထားပါတယ်။ ပြီးတော့ အထူးအထွက်တိုးစပါးအောင်နိုင်တိုးစပါးမျိုး၊ ရာသီမရွေးစိုက်ပျိုးနိုင်တဲ့ ရေဆင်းပေါ်ဆန်း-၁၊ ရေဆင်းပေါ်ဆန်း-၂၊ ရေဆင်းအင်းမ-၁ စပါးမျိုးများ၊ အထွက်ကောင်းအရည်အသွေးကောင်းတဲ့ ဝိုင်ကေကျူအာ-၀၁၊ ဝိုင်ကျူအာ-၁၁ စပါးမျိုးတွေရဲ့ဆန်ချောထုတ်ကုန်တွေကိုလည်း ပြသထားပါတယ်။

ပြီးတော့ သဘာဝမြေဩဇာထုတ်လုပ်မှုနည်းပညာပေးလုပ်ငန်းတွေ၊ သီးနှံကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ တမာပိုးသတ်ဆေးနဲ့ တမာကြိတ်ဖတ်မြေဩဇာ၊ ဥကပ်ပါး နကျယ် (နဂျီ)၊ ဝါသီးနှံနဲ့ ပိုးချည်ဆိုင်ရာ နည်းပညာပေးဝန်ဆောင်မှုလုပ်ငန်းတွေ၊ ရော်ဘာသီးနှံဆိုင်ရာနည်းပညာပေးဝန်ဆောင်မှုလုပ်ငန်းတွေ၊ ကော်ဖီသီးနှံဆိုင်ရာ နည်းပညာပေးဝန်ဆောင်မှုလုပ်ငန်းတွေကို ကဏ္ဍအလိုက် စုံစုံလင်လင်ပြထားပါတယ်။

ကျွန်တော်တို့ဌာနအနေနဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေ လိုက်နာကျင့်သုံးရေးနည်းပညာတွေကို စိုက်ပျိုးထုတ်လုပ်သူတွေဆီ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်လည်း ပြခန်းမှာပါရှိပါတယ်၊ ပြီးတော့ ကျွန်တော်တို့ဌာနက အော်ဂဲနစ်စိုက်ပျိုးရေးအတွက် မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်းကို ထုတ်ပြန်ထားရှိပြီးဖြစ်ပြီးတော့ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်းလေ့လာနိုင်ပါတယ်၊ ဒါကြောင့် စိုက်ပျိုးရေးကဏ္ဍနဲ့ပတ်သက်တဲ့ နည်းပညာ၊ အသိပညာအားလုံးကို အခုပြခန်းမှာ စေ့စေ့စုံစုံပြသထားတာမို့ လာရောက်လေ့လာကြပါလို့ ဖိတ်ခေါ်လိုပါတယ်။ ပြီးတော့ သိရှိလိုတာတွေကိုလည်း မေးမြန်းနိုင်ပါတယ်။

**ဦးကျော်စိုး**
**ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန**

ကျွန်တော်တို့ဝန်ကြီးဌာန ပြခန်းမှာ စက်မှုလယ်ယာဦးစီးဌာနက အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲစပါးမျိုးစေ့ချ ကိရိယာ ရှစ်တန်းစတဲ့ လယ်ယာသုံးစက်ကိရိယာတွေနဲ့ လေပေးသွင်းပြီး မြေဆွေးပြုလုပ်တဲ့ သဘာဝမြေဆွေးကန်ပုံစံငယ်ကို အဓိကပြသထားပါတယ်။ တောင်သူတွေ စပါးပျိုးရာမှာ နည်းစနစ်တကျ စိုက်ပျိုးနိုင်ဖို့နဲ့ လယ်ယာလုပ်သားရှားပါးမှုအခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ လက်ဆွဲကောက်စိုက်စက်နဲ့ လက်ဆွဲမျိုးစေ့ချကိရိယာတွေကို ကျွန်တော်တို့ ဦးစီးဌာနက ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။

ဒီလိုဌာနက ထုတ်လုပ်ထားတဲ့ လက်ဆွဲကောက်စိုက်စက်ဒီဇိုင်းကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ စက်မှုလုပ်ငန်းရှင်တွေကို နည်းပညာဖြန့်ဝေပေးပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဒီစက်တွေရဲ့ အစိတ်အပိုင်းတွေကိုလည်း ဌာနက ထုတ်လုပ်ပံ့ပိုးပေးခဲ့ပါတယ်၊ အစိတ်အပိုင်း ၅၂၈ မျိုး ပံ့ပိုးပေးခဲ့ပြီးဖြစ်ပါတယ်၊ လက်ဆွဲမျိုးစေ့ချကိရိယာတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကနေ အပ်နှံလာတဲ့ အရေအတွက်အတိုင်းဌာနက ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ရာမှာ စုစုပေါင်း ၁၄၃၉၃ ခု ကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

တောင်သူတွေအနေနဲ့ လယ်ယာထွက်ကုန်အကြွင်းအကျန်တွေကို အသုံးပြုပြီး သဘာဝမြေဆွေးတွေ အလွယ်တကူ ကိုယ်တိုင်ထုတ်လုပ်နိုင်ဖို့အတွက် လေပေးပြီးတော့ ဆွေးမြည့်စေတဲ့သဘာဝမြေဆွေးကန် ပုံစံငယ်ကိုလည်း ပြခန်းမှာပြသထားတာမို့ လာရောက်လေ့လာပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ ပြီးတော့ ကောက်ရိုးတွေ၊ သစ်ရွက်စိမ်းတွေနဲ့ တိရစ္ဆာန်အညစ်အကြေးတွေကိုအသုံးပြုပြီး သဘာဝမြေဆွေးတွေကို ထုတ်လုပ်နိုင်တဲ့နည်းပညာကို တောင်သူတွေသိရှိစေဖို့ ပြသထားပါတယ်။

**ဒေါ်နေခြည်ချိုလင်း**
**ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန**

ကျွန်မတို့ဦးစီးဌာနအနေနဲ့ ငါးပုစွန်တွေကနေ ထုတ်လုပ်ထားတဲ့ MSME ထုတ်ကုန် အမျိုးအစား ၃၉ မျိုးနဲ့ တန်ဖိုးမြှင့်ထုတ်ကုန် ၁၆ မျိုး စုစုပေါင်း ထုတ်ကုန် ၅၅ မျိုး ပါဝင်ပြသထားရှိပါတယ်။ ဒီလိုပြသရာမှာ ရေချို MSME ထုတ်ကုန် ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေနဲ့ ငံပြာရည်၊ ငါးအသားချဉ်၊ ငါးအကောင်ချဉ်နဲ့ ငါးရံ့ခြောက်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်၊ ရေငန် MSME ထုတ်လုပ်မှုလုပ်ငန်းစဉ်အနေနဲ့ မျှင်ငါးပိ၊ ငါးပိထောင်း၊ ငါးမုန့်၊ ကင်းမွန်ပြုတ်ခြောက် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြသထားပါတယ်။

ပြီးတော့ မွေးမြူရေး MSME ထုတ်ကုန် ထုတ်လုပ်မှု လုပ်ငန်းစဉ်အနေနဲ့ အေးခဲရေငန်ပုစွန်ဖြူ ကဏန်းပျော့၊ ပုစွန်ပြုတ်ခြောက်၊ အေးခဲငါးမြစ်ချင်းကျောခွဲ ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုအနေနဲ့ ငါးအသားချောင်းပေါင်မုန့်ကပ်၊ ငါးအသားပြား၊ ငါးအသားလုံး၊ ငါးကြိတ်သား ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ပြုလုပ်ပုံတွေကို Vinyl နဲ့ ထုတ်ကုန် တွဲဖက်ခင်းကျင်းပြသထားပါတယ်။ ပြီးတော့ ငါးဖမ်းဆီးမှုနဲ့ ငါးမွေးမြူရေးဆောင်ရွက်မှုတွေကို ပုံစံငယ်ပြကွက်တွေနဲ့ ခင်းကျင်းပြသထားရှိပါတယ်။

အခုပြပွဲမှာ ကျွန်မတို့ဦးစီးဌာနအနေနဲ့ MSME အထောက်အကူပြုရေလုပ်ငန်းဆိုင်ရာနည်းပညာနဲ့ ထုတ်ကုန်ပစ္စည်းတွေပါဝင်ပြသခြင်းအားဖြင့် လုပ်ငန်းရှင်တွေ နည်းစနစ်မှန်မှန်နဲ့ ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်လာနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒါ့အပြင် **စာမျက်နှာ ၈ သို့** ❐

# (၆၂) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လှူဒါန်းပူဇော်သည့် (၆၂) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဩဝါဒပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၏ သာရဏီယဩဝါဒကထာကို နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဓမ္မာစရိယပါဠိပထမပြန် နိကာယ်စာမေးပွဲ အထူးအောင်သံဃာတော်များ၊ သီလရှင်များနှင့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် အထူးအောင်ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ကိုးဆောင်တိုက် သီရိမာလာကျောင်း ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလထံမှ ဩဝါဒပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယနေ့ကျင်းပသည့် (၆၂)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ ကျမ်းရင်းသုံးကျမ်းအောင် "သာသနဓဇဓမ္မာစရိယ"ဘွဲ့ရ အထူးအောင်အရှင်မြတ် ၃ ပါး၊ ရိုးရိုးအောင်အရှင်မြတ် ၁၃၀၁ ပါး၊ သီလရှင်ဆရာလေး ၁၃၇ ပါး၊ လူပုဂ္ဂိုလ် ၅ ဦး၊ ပါဠိဂုဏ်ထူးအောင်အရှင်မြတ် ၆ ပါး၊ မြန်မာဂုဏ်ထူးအောင် အရှင်မြတ် ၃ ပါး၊ ပါဠိပထမပြန်စာမေးပွဲ အထူးအောင် အရှင်မြတ် ၁၂ ပါး၊ သီလရှင်ဆရာလေး ၄ ပါး၊ နိကာယ်စာမေးပွဲအထူးအောင် အရှင်မြတ် ၁၂ ပါး၊ သီလရှင်ဆရာလေး ၁ ပါး၊ နိကာယ်စာမေးပွဲမဟာဝိဒူတန်းအောင်အရှင်မြတ် ၁၄ ပါး၊ သီလရှင်ဆရာလေး ၁ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအထူးအောင် သီလရှင်ဆရာလေး ၁ ပါး၊ လူပုဂ္ဂိုလ် ၈ ဦး စုစုပေါင်း ၁၅၀၈ ပါး/ဦးရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူများ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူများ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

❒ **စာမျက်နှာ ၇ မှအဆက်**

MSME ထုတ်ကုန်တွေ ဈေးကွက်ချဲ့ထွင်နိုင်မယ့်အခွင့်အရေးတွေ ရရှိစေဖို့လည်း ရည်ရွယ်ပါတယ်။ အဓိကကတော့ MSME လုပ်ငန်းရှင်တွေကို အထောက်အကူပြုနိုင်ဖို့ အားလုံးစုစည်းပြသကြတာဖြစ်ပါတယ်။ ပြခန်းတွေကတစ်ဆင့် နည်းပညာသစ်တွေ၊ အကြံဉာဏ်သစ်တွေရရှိနိုင်မယ်၊ ဖလှယ်နိုင်မယ်၊ သိရှိလိုတာတွေကိုလည်း မေးမြန်းနိုင်ပါတယ်။ ဒါကြောင့် ကြည့်ရှုလေ့လာရင်းအကျိုးကျေးဇူးတွေ အများကြီး ရရှိစေမှာမို့ လာရောက်ကြပါလို့ ဖိတ်ခေါ်လိုပါတယ်။

**ဦးစန်းလှိုင်**
**လက်ထောက်ညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**

ကျွန်တော်တို့ပြခန်းမှာ လယ်ယာမြေနဲ့ စပ်လျဉ်းတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိတဲ့သူရရှိမယ့် အခွင့်အရေးတွေနဲ့ လိုက်နာရမယ့် စည်းကမ်းချက်တွေ၊ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် လယ်ယာမြေကို အခြားနည်းနဲ့ အသုံးပြုခွင့်လျှောက်ထားရမယ့် လုပ်ငန်းစဉ်တွေကို အသိပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ ပြီးတော့ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းတွေကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားရမယ့် လုပ်ငန်းစဉ်၊ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းတွေကို လုပ်ပိုင်ခွင့်အသုံးပြုခွင့်ရရှိတဲ့သူက လိုက်နာရမယ့် စည်းကမ်းချက်တွေကိုလည်း အသိပညာပေးလျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြခန်းမှာ လာရောက်လေ့လာနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းရှင်တွေသိရှိလိုတာတွေကို ရှင်းလင်းဆွေးနွေးပေးမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဝင်းဝင်းမင်း**
**ဓာတ်ပုံ-သန်းမင်းအောင်**

# ကာယပညာနှင့်အားကစားနည်းပြ(မွမ်းမံ)သင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသား၊ သင်တန်းသူများအား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံအမှာစကားပြောကြား



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အဖွဲ့အား နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ဂျူဒိုအားကစားနည်း တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသည့် ၂၀၂၅ ခုနှစ် ကာယပညာနှင့်အားကစားနည်းပြ(မွမ်းမံ)သင်တန်း အမှတ်စဉ်(၂)မှ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အားကစားနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုသင်တန်းတွင် သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများအတိုင်း မိမိတို့တာဝန်ကျရာဒေသများတွင် ပြန်လည်အသုံးချ၍ လူငယ်မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ကျောက်တန်းမြို့နယ်၊ ကျုံးကန်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောက်တန်းမြို့နယ် ကျုံးကန်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကျုံးကန်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိမဟာသုစိတာရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၁၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပေါင်မြို့နယ်၌ (၇၈) ကြိမ်မြောက် မွန်အမျိုးသားနေ့ကျင်းပ

**ပေါင် ဖေဖော်ဝါရီ ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၏ (၇၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ကဒါရပ်ကွက် ကမ္ဘာ့အေးစေတီဘုရား၌ ဖေဖော်ဝါရီလ ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ (၇၈)ကြိမ်မြောက်မွန်အမျိုးသားနေ့ အလံလွှင့်ထူပြီးတာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ကဒါရပ်ကွက် (၇၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ်ကျင်းပနိုင်ရေးကော်မတီဥက္ကဋ္ဌ နိုင်ဝင်းနိုင်က မွန်တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းရင်းတိုင်းရင်းသားညီအစ်ကိုများနှင့် စည်းလုံးညီညွတ်ရေးအတွက် ကြိုးစားဆောင်ရွက်သွားရန်နှင့် မွန်အမျိုးသားများစာပေနှင့် ယဉ်ကျေးမှုများ မပပျောက်စေရန်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ နိုင်ဆန်းထွန်းက မွန်ရာဇဝင်အကြောင်းကိုလည်းကောင်း၊ မိထက်ရှုပါဦးက မွန်စာပေယဉ်ကျေးမှုအကြောင်းကိုလည်းကောင်း၊ မွန်အမျိုးသားနေ့နှင့် ပတ်သက်သည့် မြေစိုက်ပိုစတာများစိုက်ထူရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညနေပိုင်းတွင်ပုံပြင်၊ ကဗျာရွတ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများကိုဆုများပေးအပ်ပြီး မွန်အကပဒေသာများဖြင့်ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

(၄၁၂)

## သနပ်ခါးချစ်သူ

* အဖော် အချွတ်၊ မတော်ညွှတ်ဖွယ်
ဝတ်ဆင်ပြလှစ်၊ မျိုးဂုဏ်ညစ်အောင်
ခေတ်ကိုလွှဲချ၊ ညို့မြူဆွသည့်
နှမရုပ်လွှာ၊ မြင်ရပါသော်
စိတ်မှာမကြည်၊ မသတီစွာ
ထွီထွမ်ဆိုမိ၊ ပန်းနေထိသို့
မချိတင်ကဲ၊ ကိုယ့်ရင်ထဲ။

* သနပ်ခါးချစ်၊ အမျိုးစစ်သည့်
အနှစ်လှူ့လွှာ၊ စာမျက်နှာကို
အာရုံထင်ဟပ်၊ တံခါးလုပ်မှ
တစ်ပတ်လျှိုထုံး၊ ချိုအပြုံးနှင့်
ရင်ဖုံးအင်္ကျီ၊ ချိတ်ထဘီနှင့်
သာကြည်ရွှင်ပျ၊ နှုတ်ချိုမြနှင့်
ယဉ်စသိမ်မွေ့၊ မြတ်ဓလေ့နှင့်
ရွှေ့ရွှေ့လှမ်းလာ၊ နန်းမူယာနှင့်
မြန်မာအလှ၊ မြင်ခွင့်ရမို့
နှမသူ့ကို၊ သဒ္ဓါပိုလျက်
ကြိုဆို သိမှတ်၊ အကြည်ဓာတ်တို့
လှိုင်းခတ်ရွှေရင်၊ လရိပ်ဆင်သည်
ဂုဏ်တင်ပါ၏၊ ခင်လဲ့ရွှန်း။
နပ်ခါးနံ့သာ၊ ထုံပျံ့မွှမ်း။
အလှယဉ်ဆင့်၊ လှနိုင်လွန်း။

(မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ် လှုပ်ရှားမှုဂုဏ်ပြုကဗျာ)

**ချစ်စုအောင်**

**မြဝတီရုပ်မြင်သံကြားအစီအစဉ်** ၁၅-၂-၂၀၂၅(စနေနေ့)

၁။ ဝ၆:ဝ၃ တရားတော်
၂။ ဝ၈:ဝ၅ မျိုးချစ်တပ်မတော်
၃။ ဝ၉:၁ဝ မြဝတီနေ့စဉ်သတင်း
၄။ ၁ဝ:၁ဝ နိုင်ငံတကာသတင်း
၅။ ၁ဝ:၃ဝ စာပေနှင့်အနုပညာ သတင်း
၆။ ၁၁:၂၅ သာယာသီကြွေး ခေတ်ဆန်းတေး
၇။ ၁၃:ဝဝ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၈။ ၁၄:ဝဝ ကျန်းမာသုတ
၉။ ၁၅:ဝဝ မြန်မာသံစဉ် ချိုနှားဝင်
၁ဝ။ ၁၆:ဝဝ ကိုယ်လက်လှုပ်ရှား အားကစား
၁၁။ ၁၈:၃ဝ ပြည်သူ့ကြားက ပြည်သူ့စကား
၁၂။ **၁၉:ဝဝ တောင်ပိုင်းပိုး လမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၅/၆)**

# အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်





ရန်ကုန် ဖေဖော်ဝါရီ ၁၄

အလုပ်သမားရေးရာကိစ္စများနှင့် ပတ်သက်သည့် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Hotel Yangon ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် စက်မှုဇုန်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်မှုသည် အလုပ်ရှင်၊ အလုပ်သမားတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေသည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား နားလည်မှုလွဲမှားစေသည့်ကိစ္စရပ်များ၊ အပေးအယူမမျှတမှုများ၊ အခက်အခဲများကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ CMP လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)၏ အခန်းကဏ္ဍကို လျစ်လျူရှုထား၍မရကြောင်း၊ ၂၀၂၂ ခုနှစ် မတ်လ၌ ကျင်းပခဲ့သည့် (၃၄၄) ကြိမ်မြောက် Governing Body(GB) တွင် မြန်မာနိုင်ငံအပေါ် Convention 29 အဓမ္မခိုင်းစေမှုဆိုင်ရာကိစ္စနှင့် Convention 87 လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စည်းရုံးခွင့်ကို အကာအကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို လေးစားလိုက်နာမှုမရှိဟု ဖော်ပြခဲ့သဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ILO အနေဖြင့်သိရှိရန် ဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံ၌ လာရောက်တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာနိုင်ငံ၏ သံတမန်များ၊ ILO ကိုယ်စားပြု အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏အခြေအနေအမှန်များကို သိရှိနိုင်ရန်၊ အရေးယူမည့်ဆုံးဖြတ်ချက် တစ်စုံတစ်ရာ မချမှတ်နိုင်ရန်အတွက် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရုပ်သိမ်းခြင်း၊ ရုပ်ဆိုင်းခြင်း၊ GSP၊ EBA ကဲ့သို့ ပို့ကုန်ဆိုင်ရာအခွန်ကင်းလွတ်ခွင့် ရုပ်သိမ်းခံရခြင်းတို့ကြောင့် ပြည်တွင်း /ပြည်ပလုပ်ငန်းရှင်များ ထိခိုက်မှုရှိသလို အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံးစေမည်ဖြစ်သည့်အတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် မီဒီယာလွှမ်းမိုးသည့်ခေတ်ဖြစ်၍ တရားမဝင်သတင်းဌာနများမှ ဖော်ပြသော အလုပ်သမားရေးရာ သတင်းများကို ဝေဖန်ပိုင်းခြားကာ အသိအမှန်ဖြစ်စေရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ အသင်းချုပ်တာဝန်ရှိသူများ၊ ညီနောင်အသင်းအဖွဲ့များမှ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံပြီး အလုပ်သမားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်မြို့၌ ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် ရှင်းလင်းဆွေးနွေး



ပြည် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ခရိုင်လမ်းဦးစီးဌာန ရိပ်သာခန်းမ၌ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ကော်မရှင်အဖွဲ့ဝင်က မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအောင်မြင်ရေး သက်ဆိုင်ရာ ဌာနများပူးပေါင်းပြီး စနစ်တကျကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲအရာရှိနှင့်တာဝန်ရှိသူများက လူဦးရေစာရင်း (စတုတ္ထမူကြမ်း)၊ (ပဉ္စမမူကြမ်း)များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ တင်ပြမှုများအပေါ် ကော်မရှင်အဖွဲ့ဝင်က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Nissan Ariya အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Golden Mandalar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Dolphin Mini အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် EV Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Dolphin အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ

## ပဉ္စမနေ့ဆက်လက်ပြသရောင်းချ၊ ပြည်သူများနှင့်နိုင်ငံခြားသားများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသဖြင့် အထူးစည်ကား




**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များကို ပဉ္စမနေ့အဖြစ် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ပြသရောင်းချလျက်ရှိရာ ဝန်ကြီးဌာနများမှဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အနယ်နယ်အရပ်ရပ်မှ ဒေသခံပြည်သူများ၊ MSME လုပ်ငန်းရှင်များ၊ သီလဝါစက်မှုဇုန်တွင်ရောက်ရှိနေသော နိုင်ငံခြားသားများနှင့် နေပြည်တော်သို့ သီးခြားအစီအစဉ်ဖြင့် ရောက်ရှိနေသော နိုင်ငံခြားသားများ လာရောက်လေ့လာကြပြီး အထူးစည်ကားလျက်ရှိသည်။

ထိုသို့ ပြပွဲလာပြည်သူများ တစ်ခဲနက်ပါဝင်ပြီး အထူးစိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲကြသည့်အတွက် ပြပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်အထိ နှစ်ရက်တိုးကျင်းပသွားမည်ဖြစ်သည်။

ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဘက်ထရီအားဖြင့် ဆိုလာပန့်ရေတင်မောင်းနှင်စနစ်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချစက်ကိရိယာနှင့် သဘာဝမြေဆွေးကန်ပုံစံငယ်တို့ကို လာရောက်ကြည့်ရှုသူများပြားခဲ့ပြီး ပြခန်းတာဝန်ရှိသူများက ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာ၊ အသိပညာများကို ရှင်းလင်းမျှဝေပေးလျက်ရှိသည်ကို တွေ့ရှိရသည်။



အလားတူ ပြပွဲအဝင်၌ ရွှေ့လျားမော်တော်ယာဉ်ဖြင့် စက်မှုနှင့်သက်မွေးပညာ ရွှေ့လျားသင်တန်းကျောင်းပြခန်းကို ပြသလျက်ရှိပြီး အခြေခံလျှပ်စစ်ပညာသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနှင့် အခြေခံမော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းအကြောင်းအရာများကို တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြသပေးလျက်ရှိရာ စက်မှုနှင့် သက်မွေးပညာရပ်ကို စိတ်ဝင်စားကြသည့် လူငယ်များစွာ လာရောက်လေ့လာကြသည်ကို တွေ့ရသည်။





ထို့အတူ ပြပွဲအတွင်း နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြခန်းအလိုက်တာဝန်ရှိသူများသည် လာရောက်လေ့လာကြသူများ၏ ဒေသထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ သိရှိလိုသည့်မေးခွန်းများကို ဖြေကြားဆွေးနွေးပေးကြသည်။

အလားတူ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုပြခန်းအတွင်း ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေချိတ်ဆက်မှု သက်ဆိုင်ရာဝန်ကြီးဌာနများ၏ One Stop Services များရယူနိုင်ရေး ဆောင်ရွက်နေကြသည့် MSME လုပ်ငန်းရှင်များဖြင့် စည်ကားလျက်ရှိပြီး MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် စံအရည်အသွေး သတ်မှတ်ချက်များနှင့် ဒေသထွက်ကုန်ကြမ်းများအပေါ် အခြေခံပြီး စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာအမြင်သစ်များကို အသိပညာပေးဆွေးနွေးမျှဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲအတွင်း ပြခန်းများ ခင်းကျင်းပြသရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထင်ရှားကျော်ကြားသည့် ပြကွက်များကို သရုပ်ဖော်ပြသထားသည့်အတွက် လာရောက်လေ့လာကြသည့်ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများသည် တစ်ဦးချင်းအလိုက်၊ အစုအဖွဲ့အလိုက် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသည်ကိုလည်း တွေ့ရှိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှထွက်ရှိသည့်ဒေသအလိုက်အစားအစာများ၊ ရိုးရာအစားအစာများကို တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများ၌ ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အတွက် ဝယ်ယူစားသုံးသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။


“မန္တလေးဒေသအစားအစာအရောင်းပြခန်းက အစားအစာတွေက ကောင်းတယ်လို့ အပြောများတယ်။ ဒီနေ့ ကျွန်တော်သွားဝယ်စားတော့ ရောင်းကုန်သွားလို့ မစားခဲ့ရသေးဘူး။ ကျန်တဲ့ သင်္ကြန်ထမင်း၊ ကရင်တာလပေါ့၊ ဆာဖူးသီး ဒီလိုရိုးရာအစားအစာတွေကိုလည်း ကြိုက်ကြတဲ့သူများတယ်။ ကျွန်တော်ကတော့ တိုင်းရင်းသားတွေရဲ့ ရိုးရာအစားအစာအားလုံးကို ကြိုက်တယ်။ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေရဲ့ အသံဝဲဝဲလေးတွေ ကြားရတာကြိုက်တယ်။ ဒီလို တိုင်းရင်းသားတွေ နေရာအနှံ့ကလာတဲ့ပွဲမို့ တကူးတကလာဖြစ်တာပါ။ ပြပွဲပြသရက်လည်းတိုးတဲ့အတွက် မနက်ဖြန် တစ်ခေါက်ထပ်လာမယ်” ဟု လယ်ဝေးမြို့မှ ဦးရဲလင်းဦးကပြောသည်။

အလားတူ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်း၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာ ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

“ပွဲတော်မှာ ဒေသထွက်ကုန်မျိုးစုံကို တစ်နေရာတည်းမှာ လေ့လာကြည့်ရှုပြီး ဝယ်ယူခွင့်ရရှိခဲ့ပါတယ်။ လူသုံးကုန်ပစ္စည်းမျိုးစုံကို သက်သာတဲ့ဈေးနှုန်းတွေနဲ့ ရောင်းချပေးတဲ့အတွက် ဝမ်းသာပါတယ်။ ဒီ့အပြင် တောင်သူတွေအတွက် အကျိုးရှိစေမယ့် ပြည်တွင်းစက်မှုဇုန်များက ကိုယ်ပိုင်တီထွင်ဆန်းသစ်ထုတ်လုပ်ထားတဲ့ စက်ပစ္စည်းမျိုးစုံကိုကြည့်ရှုလေ့လာခွင့်ရခဲ့တဲ့အတွက် များစွာဗဟုသုတရရှိပါတယ် ”ဟု တပ်ကုန်းမြို့မှ ဦးနိုင်လင်းအောင်ကပြောသည်။

**သတင်း–သန်းမင်းအောင်၊ အောင်မင်းထွန်း**
**ဓာတ်ပုံ – ကိုအေးသန်း**

# မီဒီယာများကို ရွေးကောက်ပွဲကာလသုံးပိုင်းလုံး၌ စနစ်တကျသတင်းရယူခွင့်ပြုမည်



နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌဒေါက်တာတင်ထွန်းဦး ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲတွင် သတင်းမီဒီယာများအား သတင်းရယူခွင့်ပြုနိုင်ရေး၊ ယခင်ဆောင်ရွက်ခဲ့သည့် သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲလမ်းညွှန်စာအုပ်ကို ပိုမိုပြည့်စုံစေရန် ညှိနှိုင်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရေးအပါအဝင် သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့အတူ လာမည့်အထွေထွေရွေးကောက်ပွဲ၌ ကော်မရှင်နှင့်သတင်းမီဒီယာရင်းရင်းနှီးနှီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်မရှင်၏ဆောင်ရွက်ချက်များ၊ ကော်မရှင်ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များနှင့် ပြောကြားလိုသည်များရှိပါက ကော်မရှင်ကို တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှတစ်ဆင့် မေးမြန်းနိုင်သည်ကိုလည်း အသိပေးလိုကြောင်း၊ မီဒီယာများကို ရွေးကောက်ပွဲကာလသုံးပိုင်းလုံး၌ စနစ်တကျ သတင်းရယူခွင့်ပြုမည်ဖြစ်ကြောင်း၊ ကော်မရှင်နှင့် သတင်းမီဒီယာကောင်စီတို့ ညှိနှိုင်း၍ မီဒီယာလုပ်ငန်းလမ်းညွှန်ကို ထုတ်ပြန်ပေးရန်ဆန္ဒရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကော်မရှင်အနေဖြင့် နာမည်ပျက်ခဲ့ရကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ယင်းကဲ့သို့ မဖြစ်စေရပါကြောင်း၊ တရားမျှတသော၊ဥပဒေနှင့်ညီသောရွေးကောက်ပွဲဖြစ်စေရမည်ဖြစ်ကြောင်း၊ ကော်မရှင်ချင်းတူသော်လည်း တာဝန်ယူဆောင်ရွက်သူချင်း ကွဲပြားသည်ကို အာမခံလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲများကျင်းပရာတွင် သတင်းမီဒီယာများ သတင်းရယူနိုင်ရေးနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေတို့ကို ဆွေးနွေးပြောကြားကြပြီး ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျှိုကျုံးရီနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျှိုကျုံးရီနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီလ ၁၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၀)ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျှိုကျုံးရီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျှိုကျုံးရီတို့သည် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အွန်လိုင်းအသုံးပြုလောင်းကစားမှုများနှင့်ဆက်သွယ်ရေးလိမ်လည်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများအား မြန်မာ-တရုတ်နှစ်နိုင်ငံပူးပေါင်းတားဆီးနှိမ်နင်းရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်မှုတားဆီးနှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသဖြင့် ကူညီကယ်တင်ပေးနိုင်ပါရန် မေတ္တာရပ်ခံထားသော တရုတ်နိုင်ငံသားများနှင့် ပတ်သက်သည့်အခြေအနေနှင့် ၎င်းတို့အား ကူညီကယ်တင်/လွှဲပြောင်း နိုင်မှုအခြေအနေများ၊ တရားမဝင်ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတကာသို့ မျှဝေပြောကြားခဲ့မှုအခြေအနေများ၊ ကရင်ပြည်နယ်မြဝတီနယ်မြေအတွင်း တရားမဝင်ရောက်ရှိနေသော နိုင်ငံခြားသားများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်နိုင်ရေးဆောင်ရွက်နေမှုများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟာဒေသအတွင်း တရားမဝင် အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်သူများကို ဖမ်းဆီးအရေးယူခဲ့သည့်အခြေအနေများ၊ တရုတ်နိုင်ငံမှ အလိုရှိသော တရားခံပြေးများနှင့်ပတ်သက်၍ ဖမ်းဆီးရမိမှုနှင့် ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ ကရင်ပြည်နယ် မြဝတီဒေသရှိအွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် တရုတ်-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကျင်းပပြုလုပ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဝန်ကြီးဌာန နှစ်ခုအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့်ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များလျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။ (၅၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၃၃˚c |
| ရန်ကုန် | ၁၉˚c | / | ၃၅˚c |
| မန္တလေး | ၂၂˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# စီးပွားဖြစ် ဆိတ်မွေးမြူရာဝယ်


**မန္တလာကိုကိုဝင်း**

လူသားတွေအသက်ရှင်သန်ရေးအတွက် မရှိမဖြစ်တဲ့လုပ်ငန်းကိုပြောပါဆိုရင် စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းပဲဖြစ်ပါတယ်။ ဒီလုပ်ငန်းနှစ်မျိုးစလုံးကို မြန်မာနိုင်ငံမှာတွင်တွင်ကျယ်ကျယ်လုပ်ဆောင်လို့ရနေတာက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူတွေရဲ့ ကံကောင်းခြင်းလို့ဆိုရမှာပါ။ မြန်မာနိုင်ငံရဲ့ ရေမြေတောတောင်သဘာဝအနေအထားနဲ့ ရာသီဥတုလည်ပတ်နေမှုတွေကလည်း မြန်မာနိုင်ငံသားတွေကို ကောင်းကျိုးပြုနေတယ်လို့ ပြောနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ နွေ၊ မိုး၊ ဆောင်း သုံးရာသီရှိနေပြီး မိုးရွာသွန်းမှုလည်းရှိနေတဲ့အတွက် စိုက်ပျိုးရေးမှာကြီးမားစွာအထောက်အကူပြုနေပါတယ်။ ထို့အတူပါပဲ မွေးမြူရေးဆိုရင်လည်း နိုင်ငံတစ်ဝန်းလုံး ဘယ်နေရာမှာ ဘာမွေးမလဲ မအောင်မြင်ဘူးဆိုတာမရှိသလောက်ပါပဲ။

အသားအနေနဲ့လည်း စားလို့ကောင်းတယ်၊ နို့ထွက်ပစ္စည်းအနေနဲ့လည်းအသုံးဝင်လှတဲ့ ဆိတ်မွေးမြူရေးအကြောင်းကို ရေးသားတင်ပြချင်ပါတယ်။ ဆိတ်မွေးမြူရေးဟာ အခြားသောမွေးမြူရေးတွေနဲ့နှိုင်းယှဉ်ရင် အကုန်အကျနည်းနည်းနဲ့ ထိရောက်တဲ့စီးပွားရေးလုပ်ငန်းတစ်ခုပါ။ ဆိတ်ကို ဘာဖြစ်လို့မွေးနေကြတာလဲလို့ လေ့လာကြည့်လိုက်တဲ့အခါမှာ နို့၊ အသားနဲ့သားရေရရှိဖို့အတွက် မွေးမြူကြတာဖြစ်ပါတယ်။ မိသားစုဝင်ငွေရရှိဖို့ကလည်း အဓိကရည်မှန်းချက်တစ်ခုပါ။ ကျေးလက်နေပြည်သူတွေ ဆိတ်ကိုအများဆုံးမွေးမြူကြပါတယ်။ ကျေးလက်နေပြည်သူတွေသာမကပါဘူး၊ မြို့ပြတွေရဲ့အစွန်အဖျားတွေမှာလည်း ဆိတ်ကိုမွေးတာတွေ့ရပါတယ်။ တစ်ခါတလေ ကားမောင်းသွားရင်း ဆိတ်အုပ်တွေနဲ့ကြုံတွေ့ရပါတယ်။ အဲဒီလိုမြင်ရတဲ့အခါမှာ ဆိတ်တွေဟာ သူ့အုပ်စုအလိုက်သူသွားနေကြတယ်။ အုပ်စုအကွဲမခံဘူး။ ပိုင်ရှင်ရဲ့ထိန်းကျောင်းမှုအောက်မှာ စည်းကမ်းလိုက်နာမှုရှိနေတာမျိုးတွေ့ရပါတယ်။ တချို့ဆိတ်တွေဆို ထွားထွားကျိုင်းကျိုင်းတွေ့မြင်ရပါတယ်။

ဆိတ်အကောင်ကြီးမားခြင်း၊ သေးငယ်ခြင်းဆိုတာတွေက ဆိတ်အမျိုးအစားပေါ်မူတည်သလို မွေးမြူတဲ့သူတွေအပေါ်မှာလည်းမူတည်ပါတယ်။ မျိုးကောင်းမျိုးသန့်မွေးရင် မျိုးကောင်းမျိုးသန့်ထွက်လာမှာပါ။ မြန်မာနိုင်ငံမှာတော့ ဆိတ်အမျိုးအစားအများကြီးမရှိပါဘူး။ သုံးလေးမျိုးလောက်ပဲရှိပါတယ်။ စီးပွားရေးလုပ်ဆောင်တဲ့နေရာမှာ မျိုးကောင်းမျိုးသန့်ရွေးချယ်မွေးမြူရင် ဈေးကွက်မှာလည်း ရောင်းပန်းလှပါတယ်။ ရောင်းအားကောင်းတယ်ပေါ့။ မြန်မာဆိတ်မျိုးအဖြစ် ထိန်စမ်းမျိုး၊ ဂျိတ်နီမျိုးနဲ့ဝေသာလီဆိုပြီး သုံးမျိုးရှိပါတယ်။ ထိန်စမ်းမျိုးက အလုံးအရပ်ထွားကျိုင်းပါတယ်။ အမွေးရောင် ကိုယ်လုံးဖြူပြီး ဦးခေါင်းမည်းပါတယ်။ နှာခေါင်းမှာအမွေးဖြူတတ်ပါတယ်။ အများအားဖြင့် မုတ်ဆိတ်ပါပြီး နားရွက်ရှည်ပါတယ်။ နားရွက်က တွဲလောင်းကျနေတဲ့အနေအထားပါ။ မျက်နှာခုံးပြီး ဦးချိုနောက်ဘက်ကိုလန်ပြီးကွေးနေပါတယ်။ ကိုယ်အလေးချိန်အနေနဲ့ အထီးမှာ ၅၀ ကီလို၊ အမမှာ ၂၉ ကီလိုခန့်ရှိပါတယ်။ အရပ်အမြင့်အနေနဲ့အထီးမှာ ၇၆ ဒသမ၂ စင်တီမီတာ၊ အမမှာ ၆၈ ဒသမ ၅၈ စင်တီမီတာခန့်ရှိပါတယ်။ အဲဒီထိန်စမ်းမျိုးတွေကို မန္တလေးတိုင်းဒေသကြီး ပုပ္ပားနယ်တစ်ဝိုက်နဲ့မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ မြိုင်မြို့နယ်နဲ့နတ်မောက်မြို့နယ်တွေမှာ အများဆုံးတွေ့ရပါတယ်။ အဲဒီဒေသတွေမှာပိုမိုဖြစ်ထွန်းအောင်မြင်ပါတယ်။

ဂျိတ်နီဆိတ်အမျိုးအစားတွေဟာလည်း အရွယ်ကြီးမားပါတယ်။ နီညိုရောင်၊ အုန်းခွံရောင်၊ မန်ကျည်းစေ့ရောင်ရှိပါတယ်။ ကိုယ်အလေးချိန်အနေနဲ့ အထီးမှာ ၄၅ ကီလို၊ အမမှာ ၄၂ ကီလိုခန့်ရှိပါတယ်။ အရပ်အမြင့်အနေနဲ့ အထီးမှာ ၇၆ ဒသမ ၂ စင်တီမီတာနဲ့အမမှာ ၇၃ ဒသမ ၆၆ စင်တီမီတာခန့်ရှိပါတယ်။ ဂျိတ်နီဆိတ်မျိုးတွေကို မန္တလေးတိုင်းဒေသကြီး တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်နယ်တစ်ဝိုက်မှာ အများဆုံးတွေ့ရှိရပါတယ်။ ဂျိတ်နီဆိတ်မျိုးတွေကို မြေပြန့်ဒေသတွေမှာမွေးမြူဖို့



အဆင်ပြေလှပါတယ်။

ဝေသာလီဆိတ်မျိုးတွေနဲ့ပတ်သက်လို့ပြောပြရရင် အလုံးအထည်သွယ်ပါတယ်။ အမွေးရောင်မှာ အညိုရောင်နဲ့ အနက်ဘက်နွယ်ပါတယ်။ ကိုယ်အလေးချိန်အနေနဲ့အထီးက ၃၈ ကီလိုရှိပြီး အမက ၃၁ ကီလိုခန့်ရှိပါတယ်။ အရပ်အမြင့်အနေနဲ့ အထီးမှာ ၈၁ ဒသမ ၂၈ စင်တီမီတာ၊ အမမှာ ၆၈ ဒသမ ၅၈ စင်တီမီတာခန့်ရှိပါတယ်။ ဝေသာလီမျိုးတွေကိုတော့ မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ရေစကြို၊ ပေါက်နဲ့ မြိုင်မြို့နယ်တစ်ဝိုက်မှာမွေးမြူကြပါတယ်။ ဒါတွေက မြန်မာနိုင်ငံမှာလက်ရှိမွေးမြူနေတဲ့ ဆိတ်အမျိုးအစားသုံးမျိုးရဲ့အခြေအနေတွေပဲဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးနဲ့ပတ်သက်လို့ ဦးတည်ချက်ချမှတ်ထားရာမှာ "တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" လို့ ချမှတ်ဆောင်ရွက်နေပါတယ်။ မိသားစုတစ်စုအတွက် စီးပွားရေးကအရေးကြီးလှသလို တိုင်းပြည်တစ်ပြည်အတွက်လည်း စီးပွားရေးကအရေးအကြီးဆုံးပါပဲ။ လက်ထဲမှာ ပိုက်ဆံတွေရှိနေမှ မိမိတို့ရဲ့လူမှုစီးပွားဘဝတိုးတက်အောင်လုပ်ဆောင်နိုင်မှာဖြစ်သလို နိုင်ငံတစ်နိုင်ငံအတွက်လည်း ဝင်ငွေတွေများစွာရှိနေမှ ပြည်သူတွေရဲ့လူနေမှုအဆင့်အတန်းတွေကို မြင့်မားအောင်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း မြန်မာနိုင်ငံမှာ လုပ်ဆောင်အောင်မြင်နိုင်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးတွေ ဆောင်ရွက်ဖို့၊ အဲလိုဆောင်ရွက်တဲ့နေရာမှာ ခေတ်မီနည်းစနစ်နဲ့ဆောင်ရွက်ဖို့ ဦးတည်ချက်ချမှတ်ထားတာဖြစ်ပါတယ်။ နည်းပညာခေတ်ကြီးထဲမှာ နည်းပညာကိုအသုံးမချနိုင်ဘူးဆိုရင်တော့ လုပ်ငန်းမှန်သမျှ အောင်မြင်သင့်သလောက်အောင်မြင်မှာမဟုတ်ပါဘူး။ အခုရေးပြနေတဲ့ဆိတ်မွေးမြူရေးမှာလည်း ဒီအတိုင်းပါပဲ။ အောင်မြင်နေတဲ့ဆိတ်မွေးမြူရေးလုပ်ငန်းတွေကို တွေ့မြင်ရပါတယ်။ ဆိတ်သားကို အေးခဲအသားထုတ်လုပ်ခြင်း၊ ဆိတ်နို့ဖြင့် မုန့်မျိုးစုံထုတ်လုပ်ရောင်းချခြင်းတွေတွေ့မြင်ရပါတယ်။

လူတိုင်း ဆိတ်မွေးမြူကြတာမဟုတ်ပေမယ့် ဆိတ်မွေးမြူသူတိုင်းကတော့ မိမိတို့ရဲ့လုပ်ငန်းအပေါ်မှာ အောင်မြင်အောင်လုပ်ဆောင်ကြရပါမယ်။ အောင်မြင်သူတွေရဲ့အောင်မြင်မှုတွေကို အားကျအတုယူပြီး အခြားသူတွေက အတုယူလိုက်ပါလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဖြစ်နိုင်ရင် နည်းပညာတိုးတက်နေတဲ့ဒီကနေ့ကမ္ဘာကြီးမှာခေတ်မီနည်းပညာရရှိဖို့ဆိုရင် ပြည်တွင်းသာမက ပြည်ပကိုလည်းသွားရောက်လေ့လာခြင်း၊ ပညာသင်ယူခြင်းတွေလုပ်ဆောင်ကြရပါမယ်။ ပညာဆိုတာဒီလိုပဲသင်ကြရတာပါပဲ။ တီထွင်ဆန်းသစ်သူတွေကြောင့် နည်းပညာတွေတိုးတက်နေရင် အဲဒီနည်းပညာကို ရအောင်ယူကြဖို့လိုအပ်ပါတယ်။

ဆိတ်မွေးမြူရေးနှင့်ပတ်သက်လို့ ဆိတ်ကလေးတွေအသက် ပထမ ၁၀ ပတ်အတွင်း အစာနို ၆ ကျပ်သား၊ ကိုယ်ဝန်ဆောင်ဆိတ်မတွေကို အစာနို တစ်နေ့ ၁၂ ကျပ်သားကျွေးရပါမယ်။ နို့ပေးဆိတ်မတွေကို နို့ ၆၀ ကျပ်သားထွက်တိုင်း အစာနို ၁၈ ကျပ်သားကျွေးရပါတယ်။ အစာနိုစပ်ဟာ အရသာရှိပြီး အရည်အသွေးကောင်းပါတယ်။ စီးပွားရေးတွက်ခြေကိုက်ရန် ဈေးနှုန်းချိုသာပြီး ဒေသအတွင်းအလွယ်တကူရရှိနိုင်တဲ့ အစာမျိုးဖြစ်သင့်ပါတယ်။ ဥပမာအားဖြင့်ပြောင်းမှုန့် ၂၅ ရာခိုင်နှုန်း၊ ပဲဖတ် ၁၀ ရာခိုင်နှုန်း၊ နှမ်းဖတ် ၁၅ ရာခိုင်နှုန်း၊ ကုလားပဲခွံ ၅၀ ရာခိုင်နှုန်းဒါကတော့စပ်စာ (၁) ပါ။ ပြောင်းမှုန့် ၁၅ ရာခိုင်နှုန်း၊ ဆန်ကွဲ ၁၂ ရာခိုင်နှုန်း၊ ဖွဲနု ၁၄ ရာခိုင်နှုန်း၊ ကုလားပဲခွံ ၂၀ ရာခိုင်နှုန်း၊ ဝါကြိတ်ဖတ် ၁၂ ရာခိုင်နှုန်း ဒါကတော့ စပ်စာ (၂) ပါ။ ပြောင်းမှုန့် ၁၄ ရာခိုင်နှုန်း၊ ဆန်ကွဲ ၂၀ ရာခိုင်နှုန်း၊ ဖွဲနု ၃၃ ရာခိုင်နှုန်း၊ ပဲပုပ်ဖတ် ၃၃ ရာခိုင်နှုန်း ဒါကတော့ စပ်စာ (၃) ပါ။ ဒီလိုအချိုးအစားအတိုင်း စပ်ပြီးကျွေးရပါမယ်။

ဆိတ်ကအကောင်ငယ်တဲ့တိရစ္ဆာန်ဖြစ်လို့ ချည်၍မွေးခြင်း၊ လွှတ်ကျောင်းမွေးခြင်း၊ ခြံလှောင်မွေးမြူခြင်း၊ ကွင်းလွှတ်ခြံလှောင်တွဲဖက်မွေးမြူခြင်း၊ နှစ်ရှည်သီးနှံများနဲ့တွဲ၍မွေးမြူခြင်းဆိုပြီးနည်းလမ်းငါးသွယ်နဲ့ မွေးမြူကြပါတယ်။ ဘယ်လိုပဲမွေးမွေး ဆိတ်ခြံတော့ ဆောက်လုပ်ရပါမယ်။ ဒေသထွက်ပစ္စည်းတွေနဲ့ဆောက်လို့ရပါတယ်၊ ဆိတ်တွေက ညလေတိုက်ခတ်တာကိုမနှစ်သက်ပါဘူး။ အကာအရံတွေမှာ လေဝင်လေထွက်နဲ့အလင်းရောင်လုံလုံလောက်လောက်ရရှိဖို့လည်းလိုပါတယ်။ မြေစိုက်ဆောက်လုပ်မယ်ဆိုပါက ခြောက်သွေ့ပြီးအညစ်အကြေးတွေ လွယ်ကူစွာသိမ်းဆည်းနိုင်တဲ့နေရာဖြစ်ရပါမယ်။ မိုးရေအလွယ်တကူစီးဆင်းနိုင်ရပါမယ်။ ဆိတ်တွေနားနေဖို့ လုံလောက်တဲ့အကျယ်အဝန်းရှိရပါမယ်။

ဆိတ်ကလေး ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ပတ်သက်လို့ ဆိတ်ကလေးတွေမွေးပြီးပြီးချင်း ဦးခေါင်းနဲ့ကိုယ်လုံးများမှ အကျိအချွဲတွေကိုဖယ်ရှားပေးရပါမယ်။ လွတ်လပ်စွာအသက်ရှူနိုင်ဖို့ပါ။ ဆိတ်ကလေးတွေမွေးဖွားပြီး နာရီပိုင်းအတွင်း မိခင်နို့ဦးရည်ရရှိဖို့ လိုပါတယ်။ ဆိတ်ငယ်တစ်ပတ်သားအရွယ်ခန့်မှာ ဆိတ်အုပ်နဲ့အတူ လွှတ်ကျောင်းနိုင်ပါတယ်။ များသောအားဖြင့် အသက် ခြောက်ပတ်သားမှာ နို့ခွဲလေ့ရှိပါတယ်။ ဆိတ်တွေဟာ လူတွေနဲ့အနီးကပ်ဆုံး၊ အယဉ်ပါးဆုံးတိရစ္ဆာန်တွေဖြစ်သလို လူတွေအပေါ်မှာလည်း ရန်ရှာမှုလွန်စွာနည်းပါးလှတဲ့ သတ္တဝါတွေဖြစ်ပါတယ်။

ဆိတ်မွေးမြူရာမှာတော့ အဓိကအားဖြင့် အသားထုတ်လုပ်ခြင်း၊ နို့ထုတ်လုပ်ခြင်း၊ အသားနဲ့နို့ထုတ်လုပ်ခြင်းတို့ကို ရည်မှန်းချက်ထားရှိလုပ်ဆောင်နေကြပါတယ်။ ဆိတ်တစ်ကောင်ရဲ့ကိုယ်အလေးချိန်ဟာ နွားတစ်ကောင်ရဲ့ကိုယ်အလေးချိန်ထက် ရှစ်ပုံတစ်ပုံပဲရှိပါတယ်။ ဒါပေမဲ့ဆိတ်မတစ်ကောင်ဟာနို့တစ်ပိဿာခန့်ထွက်ရှိနိုင်တဲ့အတွက် ဆိတ်ဟာ နွားထက် နို့ထွက်နှုန်းပိုမိုကောင်းမွန်ပါတယ်။ ဆိတ်နို့နဲ့နွားနို့နှိုင်းယှဉ်ရင် ပရိုတိန်းဓာတ်နဲ့အဆီဓာတ်ပါဝင်မှုတူညီပါတယ်။ ဆိတ်နို့အဆီရှိအဆီခဲကလေးတွေဟာ ပိုမိုသေးငယ်တဲ့အတွက် အစာကြေလွယ်ပါတယ်၊ ဆိတ်နို့ဟာ နွားနို့ထက်ကလေးငယ်တွေ၊ အသက်ကြီးသူတွေနဲ့ လူနာတွေအတွက် ပိုပြီးသင့်လျော်ပါတယ်၊ ဆိတ်နို့မှာ ဗက်တီးရီးယားပါဝင်နှုန်းဟာ နွားနို့ထက်ပိုပြီးနည်းပါတယ်။ **စာမျက်နှာ ၁၄ သို့** ■

# (၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ The Times Group ၏ဖိတ်ကြားချက်အရ ဖေဖော်ဝါရီလ ၁၅ ရက်မှ ၁၆ ရက် အထိကျင်းပမည့် (၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမိသားစုများ၏ ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့်ဇနီး၊ ယခင်ကော်မရှင်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သော သံအမတ်ကြီး(ငြိမ်း) ဦးဝင်းမြနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်(ငြိမ်း)များဖြစ်ကြသည့် ဒေါက်တာဒေါ်သန်းနွဲ့၊ ဦးယုလွင်အောင်၊ ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက ထမနဲပွဲပြိုင်ပွဲအား စည်းစည်းလုံးလုံး ကြိုးကြိုးစားစား စည်းကမ်းရှိရှိ ယှဉ်ပြိုင်ကြစေလိုကြောင်းပြောကြားပြီး ကော်မရှင်ရုံးဌာနခြောက်ခုမှ အရာထမ်း၊ အမှုထမ်းများဖြင့် ဖွဲ့စည်းထားသော ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ကော်မရှင်ဥက္ကဋ္ဌသည် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသောအသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေးဦးစီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့တွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ဌာနခွဲများမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း၏ ထမနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆုရရှိသည့်အသင်းများကို ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ကျင်းပရာ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်၊ ပညာရေးစိတ်ပညာဌာနမှပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်နှင်းနွယ်က ထမနဲထိုးပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ တာဝန်ရှိသူများက အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် အကောင်းဆုံးအသင်း (ပထမဆု၊ ဒုတိယဆု၊ တတိယဆု)၊ စည်းလုံးညီညွတ်မှု(ပထမဆု၊ ဒုတိယဆု) နှင့် မြိုင်ဆိုင်တက်ကြွစွာပါဝင်ဆင်နွှဲမှု (ပထမဆု၊ ဒုတိယဆု)ရအသင်းများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

**(သတင်းစဉ်)**



■ **စာမျက်နှာ ၁၃ မှအဆက်**

ဆိတ်ဟာနို့ညှစ်ရတာလွယ်ကူတဲ့အပြင် သဘာဝအရလည်း အကြမ်းခံနိုင်ပါတယ်။

အစာနဲ့ပတ်သက်လို့လည်း အစာမရွေးစားနိုင်ပါတယ်။ မြက်၊ သစ်ရွက်အမျိုးမျိုးနဲ့သစ်ပင်များရဲ့ အခေါက်တွေကိုပါ စားတတ်ပါတယ်။ ထူးခြားတာတစ်ခုက ဆိတ်ဟာ ဆီးပင်အပါအဝင် ဆူးပင်တွေကို နှစ်သက်ပါတယ်။ ဆိတ်ရဲ့အစာအိမ်ဟာ အမျှင်ကြမ်းတွေကို ချေဖျက်နိုင်စွမ်းရှိပါတယ်။ ဒါ့ကြောင့် ဆိတ်ကို စီးပွားဖြစ်မွေးသူတွေများသလို တစ်နိုင်တစ်ပိုင်မွေးမြူသူတွေလည်းများလှပါတယ်။ ဆိတ်မတစ်ကောင်သည် ခုနစ်လမှ ရှစ်လအတွင်း အရွယ်ရောက်ပြီး ဆိတ်ထီးတစ်ကောင်သည် ၁၀ လတွင် အရွယ်ရောက်သည်။ ဆိတ်မှာထူးခြားတာကတော့ မျိုးအောင်မြင်မှုကောင်းတာပါပဲ။ ဆိတ်မကြီးတစ်ကောင်က ကောင်ရေပွားများနှုန်းမြင့်မားပါတယ်။ ဆိတ်မတစ်ကောင်သည် တစ်နှစ်လျှင် နှစ်သားကျနိုင်သည်။ သူတို့အနေနဲ့ စားကျက်မကောင်းလည်း ကောင်းစွာမွေးမြူနိုင်ပါတယ်။ ဒါကတော့ဆိတ်ရဲ့ အားသာချက်ပါပဲ။

ဆိတ်သားဟာ စားလို့အလွန်ကောင်းပါတယ်။ ဒါ့အပြင် ဆိတ်သားရေဟာလည်းအသုံးဝင်ပါတယ်။ ဆိတ်သားရေနဲ့လုပ်ထားတဲ့ဖိနပ်၊ လက်အိတ်၊ လက်ဆွဲအိတ်၊ ဂျာကင်အင်္ကျီစသည်ဖြင့်အသုံးပြုနိုင်ပါတယ်။ ဆိတ်ကိုအမှန်တကယ် စနစ်တကျမွေးမြူပြီး ခေတ်မီနည်းစနစ်တွေနဲ့ဖန်တီးလိုက်တဲ့အခါ လူသုံးကုန်ပစ္စည်းတွေဖြစ်လာပါတယ်။ နည်းပညာကောင်းရင်ကောင်းသလို အဆိုပါလူသုံးပစ္စည်းတွေဈေးကောင်းရကြပါတယ်။ ဆိတ်သားရေကို ဒီအတိုင်းရောင်းလိုက်မယ့်အစား အခုလိုမျိုးတီထွင်ခြင်းဟာ စီးပွားရေးမှာပိုမိုဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာရှိတဲ့ ဆိတ်မွေးမြူရေးကျွမ်းကျင်သူတွေ ပြုစုပျိုးထောင်ပေးခြင်းဖြင့် စားသုံးသူအတွက်အရည်အသွေးကောင်းမွန်၍ အာဟာရပြည့်ဝတဲ့အသားများ ထုတ်လုပ်ပေးနိုင်ဖို့၊ ပြည်ပပို့ကုန်တိုးမြှင့်အောင်ဆောင်ရွက်နိုင်ဖို့၊ ဈေးကွက်တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ဆိတ်မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းတည်ထောင်ကြရပါတယ်။ အလုပ်တစ်ခုဆိုတာ သဘောတရားနဲ့လက်တွေ့ပေါင်းစပ်လုပ်ကြည့်မှ တိုးတက်မှုရှိမှာဖြစ်ပါတယ်။ မိမိတို့လုပ်နေတဲ့လုပ်ငန်းတွေ တိုးတက်ရေးဟာ မိမိတို့အပေါ်မှာပဲမူတည်မှာပါ။ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ လိုအပ်တဲ့သွင်းအားစု၊ တခြားထောက်ပံ့မှုတွေပေးနေမှာပါ။ လုပ်ငန်းတစ်ခုလုပ်လို့ မအောင်မြင်သေးလို့ စိတ်ပျက်အားလျှော့တာမျိုး မဖြစ်စေချင်ပါဘူး။ သူများတွေအောင်မြင်အောင် မွေးနိုင်ရင် ငါလည်းမွေးနိုင်ရမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ လုပ်ဆောင်မှုဟာ အဖိုးတန်ပါတယ်။ ဒါ့ကြောင့်မို့ စီးပွားဖြစ်ဆိတ်မွေးမြူရာဝယ် နည်းစနစ်မှန်မှန် အောင်အောင်မြင်မြင်ဖြစ်အောင်မွေးမြူကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။ ။

☆ **စာမျက်နှာ ၁၇ မှအဆက်**

အသေးစားထုတ်ကုန်လုပ်ငန်းတွင် မန္တလေးတိုင်းဒေသကြီး “Healthy & Happy” စားသောက်ကုန်လုပ်ငန်းမှ ဒေါ်မေနှင်းဝေ၊ အငယ်စားထုတ်ကုန်လုပ်ငန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး “သံစဉ်နေလ” ပျားရည်သန့်စင်စက်ရုံမှ ဦးပြည့်ဖြိုးလှိုင်၊ အလတ်စားထုတ်ကုန်လုပ်ငန်းတွင် ရန်ကုန်တိုင်းဒေသကြီး “သလ္လာဝတီ”ကုမ္ပဏီလီမိတက်မှ ဦးထူးဝေနှင့်ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် သမဝါယမအသင်းစု“အနော်ရထာ”ဆီစက်လုပ်ငန်းမှတာဝန်ရှိသူတို့အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဆုရရှိကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။




သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်အထူးဆုရရှိသည့် ရွှေသီဟသမဝါယမအသင်း(ဆီစစ်ခုံ(ကြီး/သေး)၊ ပြောင်းစပါး၊ အခြောက်ခံ၊ မန္တလေးတိုင်းဒေသကြီး)အား ဆုပေးအပ်ချီးမြှင့်စဉ်။




သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် အသေးစား(Micro)စီးပွားရေးလုပ်ငန်း အထူးဆုရရှိသည့် ကချင်ပြည်နယ် ပူတာအိုဒေသထွက်ကုန်လုပ်ငန်းမှ ဒေါ်ရွှေရွှေမြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်/အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ပြည်နယ်/ တိုင်းဒေသကြီးအလိုက်ထုတ်ကုန်ပစ္စည်းများသည်“ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်”ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆောင်ရွက်နေသည့်ဒေသတစ်ခုထုတ်ကုန်တစ်ခုအစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများပေးအပ်နိုင်စေရန်နှင့် MSMEလုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အသေးစားစက်မှုလက်မှုလုပ်ငန်း (စားသောက်ကုန်)စံပြထုတ်ကုန် အထူးဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး “မလိငပိ”စားသောက်ကုန်လုပ်ငန်းမှ ဦးအောင်မင်းနိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အသေးစားစက်မှုလက်မှုလုပ်ငန်း (လူသုံးကုန်)စံပြထုတ်ကုန် အထူးဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး “Su Signature” လူသုံးကုန်လုပ်ငန်းမှ ဒေါ်ဆုပြည့်ပြည့်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ ပြပွဲနှင့်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ Digital Corner နည်းပညာပြခန်း၊ MSME နှင့်ချိတ်ဆက်ထားသည့် ဆက်စပ်လုပ်ငန်းပြခန်း၊ Business Matching Hall တွင် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးအသီးသီးမှ စီးပွားရေးသံမှူးများနှင့် ပြည်ပပို့ကုန်ပို့လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များ အပြန်အလှန်ဆက်သွယ်နိုင်ရေးဆောင်ရွက်ပေးထားမှု ဝန်ဆောင်မှုပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ လုပ်ငန်းရှင်များအတွက် ကြော်ငြာရိုက်ကူးထုတ်လုပ်ပေးနိုင်မှုသရုပ်ပြခန်း၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစား ၇ ဆု၊ ဆုပေါင်း ၆၃ ဆုချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု(Digital Transformation)ကို လက်တွေ့ကျကျဆောင်ရွက်သည့်အနေဖြင့် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေသားဆုစုစုပေါင်း ကျပ်သိန်း ၇၅၀ အားပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါငွေသားဆုများအား ချီးမြှင့်သူက Digital Payment System ဖြင့် ငွေလွှဲပို့ချီးမြှင့်ခြင်းဖြစ်ကာ ဆုချီးမြှင့်ခံရသူအသီးသီး၏ E-Banking Account မှတစ်ဆင့် ချီးမြှင့်ငွေအသီးသီးကို လက်ခံရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

★ **ရှေ့ဖုံးမှအဆက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အသေးစားစက်မှုလက်မှု လုပ်ငန်း(စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်းထည်၊ လက်မှုထည်) စံပြထုတ်ကုန် အထူးဆုရရှိသူ(၁၂)ဦးတို့အားလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်အထူးဆုရရှိသူ(၅)ဦးနှင့် အသေးစား(Micro)စီးပွားရေးလုပ်ငန်းများ အထူးဆုရရှိသူ(၅)ဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အငယ်စား(Small) စီးပွားရေးလုပ်ငန်းများ အထူးဆုရရှိသူ(၅)ဦးနှင့် အလတ်စား(Medium)စီးပွားရေးလုပ်ငန်းများအထူးဆုရရှိသူ (၅)ဦးတို့အားလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP)အကောင်းဆုံးဆုရရှိကြသည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်တို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP) အကောင်းဆုံးဆုရရှိကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ စိုက်ပျိုးရေး၊




အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အငယ်စားထုတ်ကုန်လုပ်ငန်းတွင် ပထမဆုရရှိသူ စစ်ကိုင်းတိုင်းဒေသကြီး "သံစဉ်နေလ" ပျားရည်သန့်စင်စက်ရုံမှ ဦးပြည့်ဖြိုးလှိုင်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အသေးစားစက်မှုလက်မှုလုပ်ငန်း(လက်မှုထည်)စံပြထုတ်ကုန်ဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် "နေပြည်တော်ပုံရိပ်သစ်"လက်မှုလုပ်ငန်းမှ ဒေါ်အိအိဝင်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အသေးစားထုတ်ကုန်လုပ်ငန်းတွင် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး "ဝိသာခါ" အမွှေးတိုင်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးလုပ်ငန်းမှ ဒေါ်ဖြူဖြူဥအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။




စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP)အကောင်းဆုံးဆုရရှိသည့် ရခိုင်ပြည်နယ် "ရွှေကျား"ရက်ကန်းလုပ်ငန်းမှ ဒေါ်မအေးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။




စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP) အကောင်းဆုံးဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော် Na Rain Dara Co.,Ltd. မှ ဒေါ်နန်းခင်အုန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အငယ်စားထုတ်ကုန်လုပ်ငန်းတွင် ရန်ကုန်တိုင်းဒေသကြီး "MG Myanmar Gasket" အမျိုးမျိုးထုတ်ကုန်လုပ်ငန်းမှ ဦးဇင်မျိုးထိုက်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အသေးစားထုတ်ကုန်လုပ်ငန်းတွင် ဒုတိယဆုရရှိသည့် ရေဝတီတိုင်းဒေသကြီး "M-Treasure" ကွမ်းသီးဖက်ထုတ်ကုန်လုပ်ငန်းမှ ဒေါ်မာလာစန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အသေးစား စက်မှုလက်မှုလုပ်ငန်း (စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်းထည်၊ လက်မှုထည်) စံပြထုတ်ကုန်ဆုရရှိသူ(၄)ဦးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည် တတိယဆုရရှိသူများဖြစ်ကြသည့် အသေးစားထုတ်ကုန်လုပ်ငန်းတွင် ရန်ကုန်တိုင်းဒေသကြီး “ဝိသာခါ” အမွှေးတိုင်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးလုပ်ငန်းမှ ဒေါ်ဖြူဖြူဥ၊ အငယ်စားထုတ်ကုန်လုပ်ငန်းတွင် မန္တလေးတိုင်းဒေသကြီး “HMG” မော်တော်ယာဉ်လေစစ်ဘူးလုပ်ငန်းမှ ဦးလှိုင်မိုး၊ အလတ်စားထုတ်ကုန်လုပ်ငန်းတွင် တနင်္သာရီတိုင်းဒေသကြီး “မြန်မာအတ္တလန်တစ်” ကုမ္ပဏီလီမိတက်မှ ဦးစိုးမိုးနိုင်၊ သမဝါယမအသင်း စွမ်းဆောင်ရည်ဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်“သားတင်ဦး”အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ တာဝန်ရှိသူတို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည် ဒုတိယဆုရရှိကြသူများဖြစ်သည့် အသေးစားထုတ်ကုန်လုပ်ငန်းတွင် ရေဝတီတိုင်းဒေသကြီး “M-Treasure” ကွမ်းသီးဖက်ထုတ်ကုန်လုပ်ငန်းမှ ဒေါ်မာလာစန်း၊ အငယ်စားထုတ်ကုန်လုပ်ငန်းတွင် ရန်ကုန်တိုင်းဒေသကြီး “MG Myanmar Gasket” အမျိုးမျိုးထုတ်ကုန်လုပ်ငန်းမှ ဦးဇင်မျိုးထိုက်၊ အလတ်စားစီးပွားရေးလုပ်ငန်းတွင်ပြည်ထောင်စုနယ်မြေနေပြည်တော် “မြန်မာရွှေသစ်သီးဝလံ” ကုမ္ပဏီလီမိတက်မှ ဒေါ်လွဲ့လွဲ့ဦးနှင့် ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီး၊ “သီရိစန္ဒာ” အထည်ချုပ်နှင့်အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းမှ တာဝန်ရှိသူတို့အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည် ပထမဆုရရှိသူများဖြစ်ကြသည့် **စာမျက်နှာ ၁၅ သို့** ★




သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)အကောင်းဆုံးဆုရရှိသည့် ကရင်ပြည်နယ် အောင်ဆန်းငွေလာဆန်စက်လုပ်ငန်းမှ ဦးအောင်ဇော်ထက်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။




သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)အကောင်းဆုံးဆုရရှိသည့် ချင်းပြည်နယ် ချင်းရိုးရာလက်ရက်ကန်းလုပ်ငန်းမှ ဒေါ်နှင်းမို့မို့အောင်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအို အငယ်စား(Small) စီးပွားရေးလုပ်ငန်း အထူးဆုရရှိသည့် ရှမ်းပြည်နယ် “နောင်ခမ်း” ကော်ဖီလုပ်ငန်းမှ ဦးခွန်မျိုးညွန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအို အလတ်စား(Medium) စီးပွားရေးလုပ်ငန်း အထူးဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး Agro Future Myanmar မှ ဦးသန်းထွန်းဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win presents prizes to winners of union-level MSME products fair and competition

NAY PYI TAW February 14

Prize-presentation ceremony of union-level MSME products fair and competition was held at Taboung grounds of Uppatasanti Pagoda here this late afternoon, attended by Chairman of MSME Development Work Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were union ministers, union level dignitaries, senior military officers from the Office of the Commander-in-Chief, deputy ministers, MSME agency chairs from regions and states and officials,officials of associations, exhibition in-charges, heads of department, and local people.

Nay Pyi Taw Council Chair U Than Tun Oo presented special awards for MSME ideal products (food, personal goods, woven fabric, handicraft items) to 12 winners, and Union Minister for Science and Technology Dr Myo Thein Kyaw, special awards for production cooperative society performance to five winners and micro business to five winners.




Vice-Senior General Soe Win presents an honorary medal and a certificate and cash reward to the first prize winner of manufacturing cooperatives performance competition.




Vice-Senior General Soe Win presents an honorary medal and a certificate and cash reward to the first prize winner of the medium enterprises competition.

Union Minister for Commerce U Tun Ohn presented honorary medals, certificates and cash awards to five small enterprises special awards winners and five medium enterprises special award winners, Union Minister for Industry U Charlie Than presented honorary medals, certificates and cash to best one region one product (OROP) award winners, contestants of Magway Region, Mandalay Region, Mon State, Rakhine State, Yangon Region, Shan State, Ayeyawady Region and Union Territory.

Union Minister for Cooperatives and Rural Development U Hla Moe presented honorary medals, certificates and cash awards to best OROP award winners, contestants of Kachin State, Kayah State, Kayin State, Chin State, Sagaing Region, Taninthayi Region and Bago Region, Union Minister for Agriculture, Livestock and Irrigation U Min Naung presented honorary medals, certificates and cash awards for micro enterprise ideal products (food, personal goods, woven fabric, handicraft items) awards to four winners, and to third prize winners for micro enterprises performance competition, Daw Phyu Phyu Ou of "Withakha" Incense Stick and personal goods enterprise, Yangon Region, for micro enterprises performance competition, U Hlaing Moe of "HMG"vehicle air filter checkers enterprise, Mandalay Region, for medium enterprises performance competition to U Soe Moe Naing of "Myanmar Atlantic" Co Ltd, Taninthayi Region, and for cooperative society performance competition, officials of "Thar Tin Oo" general business cooperative society, Union Territory Nay Pyi Taw.

Union Minister for Planning and Finance U Win Shein presented honorary medals, certificates and cash awards for second prize winners in micro enterprise performance competition to Daw Malar San of "M-Treasure" betel nut leave production enterprise, Ayeyawady Region, for second prize winners in micro enterprise performance competition to U Zin Myo Htaik of "MG Myanmar Gasket" production enterprise, Yangon Region, for second prize winners in medium enterprise performance competition to Daw Lae Lae Oo of "Myanmar Shwe Fruits" Co

See Page - 19●●

●● From Page - 18

Ltd, Union Territory Nay Pyi Taw, and for second prize winners in production cooperative society performance competition to officials of "Thirisanda" garment and general trade cooperative society, Yangon Region.

Then, the Vice-Senior General Soe Win presented honorary medals and certificates and cash rewards to the first prize winners of micro-, small- and medium enterprises and manufacturing cooperatives performance including Daw May Hnin Way of "Healthy & Happy" foodstuff industry in Mandalay Region for micro-enterprises, U Pyae Phyo Hlaing of "Thansin Nay La" (Sun and Moon Melody) honey purifying factory in Sagaing Region for small-enterprises, U HtooWai of "Thalawaddy" Company Ltd., in Yangon Region for medium-enterprises and an official from "Anawrahta" Edible Oil Mill of Nyaung-U Township cooperatives organization of Mandalay Region.

After the prize presentation ceremony, the Vice-Senior General cordially greeted and congratulated the prize winners.

The union-level MSME products exhibition and competition was held with the aims of enhancing cooperation among MSMEs in respective states and regions and fulfillment of the needs of a region by another region in the production chain by identifying advantages and disadvantages, highlighting the need for manufacturing entrepreneurs to understand and work towards the concept of "Better products at cheaper prices and the same products of higher quality", promoting the success of measures for one region, one product in respective regions and states, constantly boosting the production and services of MSMEs, replacing imports with domestic new value-added products and expanding the export market, encouraging B2B links with MSMEs and local and foreign investors, offering model product prizes and contributing to the last-long operations of MSMEs.

The exhibition is underway for 10 to 16 February, featuring 96 booths of ministries, states and regions, stalls for traditional food of national races and booths for enterprises linking with MSMEs, services available for mutual contacts between Myanmar exporters and Myanmar commercial counsellors in other countries, services for commercial ads provided by the Ministry of Information for entrepreneurs, foreign machinery and products and products of micro-enterprises and cooperatives. A total of 63 prizes under seven prize categories were offered at the competition and digital trophies, honorary certificates and cash prizes worth Ks-75 million were offered to reflect the digital transformation practically at the prize presentation ceremony. Prize presenters will make cash transfers for the cash prizes through the digital payment system and recipients will receive them in their E-banking accounts.



Union Minister for Industry U Charlie Than presents a cash prize for a best one region one product (OROP) winner.



Union Minister for Cooperatives and Rural Development U Hla Moe presents a cash award to a best OROP reward winner.



Union Minister for Planning and Finance U Win Shein presents an honorary medal, a certificate and cash award to the second prize winner in the medium enterprise performance competition Daw Lae Lae Oo of Myanmar Shwe Fruits Co Ltd, Union Territory Nay Pyi Taw.



Union Minister for Agriculture, Livestock and Irrigation U Min Naung presents the third prize for medium enterprises performance competition to U Soe Moe Naing of Myanmar Atlantic Co Ltd, Taninthayi Region.



Union Minister for Planning and Finance U Win Shein presents an honorary medal and a certificate and cash reward to the second prize winner in production cooperative society performance competition to officials of Thirisanda garment and general trade cooperative society, Yangon Region.



Nay Pyi Taw Council Chairman U Than Tun Oo presents a special award of ideal products for micro-enterprises to a winner.



Union Minister for Commerce U Tun Ohn presents a special award for small-enterprises to a winner.



Union Minister for Science and Technology Dr Myo Thein Kyaw presents a special award for micro-enterprises to a winner.

# Saudi Arabia welcomes possible meeting between U.S., Russian presidents in kingdom



RIYADH February 14

Saudi Arabia welcomed on Friday the announcement by U.S. President Donald Trump regarding the possibility of meeting with Russian President Vladimir Putin in the kingdom.

The Saudi Foreign Ministry, in a statement on social media platform X, commended a phone call between Trump and Putin on Wednesday. Following the phone conversation, Trump indicated that he would "probably" meet with Putin in person soon, suggesting that the meeting could take place in Saudi Arabia.

The kingdom reaffirmed its ongoing efforts to achieve lasting peace between Russia and Ukraine in the statement, stating that shortly after the onset of the Russia-Ukraine crisis, Saudi Arabia expressed its "readiness to provide its good offices to reach a political solution to the crisis."

Trump spoke with the leaders of Russia and Ukraine by phone on Wednesday and said both countries agreed to begin peace negotiations.

**Xinhua**

# Trump slams India's high tariffs, vows to charge reciprocal levies

WASHINGTON February 14

U.S. President Donald Trump criticized on Thursday India's high tariffs, vowing that the United States would retaliate.

"We are right now a reciprocal nation," Trump said at a joint press conference with visiting Indian Prime Minister Narendra Modi at the White House after their meeting.

"Whatever charges, we're charging them. Whatever another country charges, we're charging them. So it's called reciprocal, which I think is a very fair way," said the U.S. leader.

Trump said it was "hard to sell into India because they have trade barriers."

"I had discussions with India in the first term (of office) about the fact that their tariffs were very high," Trump said. "And I was unable to get a concession. So we're just going to do it the easy way."

Trump's meeting with Modi followed his signing of a presidential memorandum on the "Fair and Reciprocal Plan" to impose "a reciprocal tariff" on U.S. trading partners.

The White House Fact Sheet on the plan included examples of "unfair" trade relations, including India's average applied Most Favored Nation tariff of 39 percent.

Trump also said that Washington will increase military sales to India.

"Starting this year, we will be increasing military sales to India by many billions of dollars. We are also paving the way to ultimately provide India with the F-35 stealth fighters," Trump told the joint press conference.

Trump did not provide a timeline or other details.

According to media reports, India has agreed to purchase over 20 billion dollars of U.S. defense products since 2008.

Trump also said Modi has agreed to buy more U.S. oil and gas, possibly making the United States India's "number one supplier."

Ahead of Modi's visit, India has offered some concessions to alleviate trade tensions, including lowering tariffs on Harley-Davidson motorcycles.

"We have also set ourselves the target of more than doubling our bilateral trade to attain 500 billion dollars by 2030," Modi said at the press conference. **Xinhua**

# Russia says too early to discuss details of potential talks with Ukraine

MOSCOW February 14

It is too early to discuss specific details regarding potential negotiations with Ukraine, Russian Foreign Ministry Spokesperson Maria Zakharova said on Friday.

"We are saying that supplies (to Ukraine) should be stopped, as the continuation of the conflict is tied to the ongoing supplies," Zakharova said during her weekly briefing.

She stressed that the issue of arms supplies to Ukraine should not be linked to the start of the negotiation process, and stopping the supply of weapons should not be seen as a condition that would drive or "stimulate" potential talks.

Zakharova further said that it was simply too early to talk about a specific negotiation process.

She said that until recently, some have prohibited themselves from holding negotiations, while others insisted that everything should be resolved on the battlefield, adding that Moscow will provide necessary comments when there is an appropriate reason to do so.

**Xinhua**

# US aircraft carrier collides with cargo ship

RICHMOND February 14

The USS Harry S. Truman, a nuclear-powered aircraft carrier, collided with the merchant vessel Besiktas-M in the Mediterranean Sea late Wednesday night, according to US Navy officials.

The incident occurred at approximately 11:46 pm local time near Port Said, Egypt. No injuries or flooding were reported on the Truman, and its nuclear propulsion systems “are unaffected and in a safe and stable condition,” the US Navy emphasized in its statement. An investigation into the collision is currently underway.

The Besiktas-M, a bulk carrier measuring over 188 meters in length with a deadweight of 53,000 tons, had recently transited the Suez Canal and was en route to the Black Sea port of Constanta, Romania, at the time of the collision. The USS Harry S. Truman, homeported in Norfolk, Virginia, had just completed a port call in Souda Bay, Greece, prior to the incident.

The USS Harry S. Truman, a Nimitz-class aircraft carrier, was deployed to the Mediterranean in September 2024 to protect American “national interests” in the Middle East amid escalating tensions in the region. The vessel, which carries a crew of approximately 5,000, has been involved in various operations, including multiple missile strikes against Houthi rebels in Yemen.This collision is the latest in a series of maritime incidents involving US Navy vessels. In 2017, the USS Fitzgerald collided with the container ship ACX Crystal off the coast of Japan, resulting in the death of seven sailors. Later that year, the USS John S. McCain was involved in a collision with the tanker Alnic MC near Singapore which killed ten sailors.

In another notable incident, the USS Connecticut, a Seawolf-class nuclear-powered fast-attack submarine, collided with an uncharted underwater mountain in the South China Sea on October 2, 2021, according to a US Navy investigation. The collision resulted in injuries to 11 crew members and significant damage to the submarine’s forward section. The US Navy has faced scrutiny over these incidents, prompting investigations into operational protocols and training procedures to prevent future incidents. **RT**

# Individuals involved in illegal online gambling and financial fraud identified and arrested in Hsanhsai (A) Ward, Tachileik, Shan State (East), necessary investigations and actions being carried out

NAY PYI TAW February 14

The government is actively identifying and taking effective measures against illegal online gambling and financial fraud activities. Additionally, in collaboration with international partners, the government is vigorously combating criminal activities. Furthermore, responsible authorities at various region and state levels are strictly handling and conducting investigations to ensure that illegal online gambling, financial fraud, and other criminal activities are eradicated within their jurisdictions. Security forces, including joint task forces, are rigorously conducting searches and investigations.

During these operations, in Tachileik Township, Shan State (East), security forces conducted a raid on February 12 in Hsanhsai (A) Ward, Tachileik Township, based on information about illegal online gambling and financial fraud activities. They arrested 16 individuals, including 11 men and 5 women, in a house rented by a Thai national named We San. Among those arrested were Min Kyaw, the online gambling supervisor, and Yi Yi Phyo, the interpreter and accountant. Authorities seized 61 laptops, 329 flat desktop computers, 90 CPUs, 90 various phones, 2 unlicensed vehicles, and related equipment used for illegal online gambling.

Continuing their investigations, the joint security task forces conducted another raid on the evening of February 13 in the same ward, arresting 13 individuals, including 7 Thai men, 1 Myanmar man, and 5 Myanmar women. They confiscated 50 computers, 300 various phones, 4 packages of wet opium poppy leaves (approximately 1 kg each), 10 bottles of opium poppy leaf extract (1 liter each), and 30 bottles of cough syrup.

In total, during the operations on February 12 and 13 in Hsanhsai (A) Ward, Tachileik Township, authorities arrested 29 individuals, including 7 Thai men, 12 Myanmar men, and 10 Myanmar women. They seized 440 computers, 90 CPUs, 390 various phones, 2 unlicensed vehicles, 4 packages of wet opium poppy leaves (approximately 1 kg each), 10 bottles of opium poppy leaf extract (1 liter each), 30 bottles of cough syrup, and related equipment.



Thirteen online gamblers, seven Thai men, one Myanmar man and five Myanmar women, arrested on 13 February.



The photo documents 90 units of System (CPU) used in online gambling.



Photo shows 90 units of phones used in online gambling.

According to the statements of the arrested individuals, the Thai nationals entered Myanmar through the No. 1 Friendship Bridge for visits and work purposes. They were contacted by individuals involved in illegal online gambling and financial fraud, leading to their involvement in these activities. The online gambling operation is owned by a Thai national named We San, who resides in Chiang Mai, Thailand, along with his wife, Rankyu. Authorities are continuing necessary security procedures to apprehend the related suspects as quickly as possible.



Photo shows motor vehicle used in online gambling.

The arrested individuals are being systematically investigated, and legal actions are being pursued in accordance with the law.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပရီးမီးယားလိဂ်ပွဲစဉ်(၂၅) ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၂)နှင့် စပိန်လာလီဂါပွဲစဉ်(၂၄)ပွဲကြိုသုံးသပ်ချက်



## မန်စီးတီး Vs နယူးကာဆယ်

**ကစားမည့်ရက်/အချိန်**

**(၁၅-၂-၂၀၂၅ ည ၉:၃၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**နယူးကာဆယ် ၁ - ၁ မန်စီးတီး**

**မန်စီးတီး ၂ - ၀ နယူးကာဆယ်**

**နယူးကာဆယ် ၂ - ၃ မန်စီးတီး**

**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

**မန်စီးတီး ဝေး(ရှုံး) ဝေး(နိုင်) အိမ်(ရှုံး)**

**နယူးကာဆယ် အိမ်(ရှုံး) အိမ်(နိုင်) ဝေး(နိုင်)**

မန်စီးတီးအသင်း ချန်ပီယံဆုကာကွယ်နိုင်ဖို့အတွက် မျှော်လင့်ချက်မရှိတော့သလောက်ဖြစ်နေပြီဖြစ်တာကြောင့် လက်ကျန်ပွဲစဉ်တွေမှာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်တွေရှိနေလို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ မန်စီးတီးအသင်းက ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလက အိမ်ကွင်းမှာ နယူးကာဆယ်အသင်းကို ၂ ဂိုး- ဂိုးမရှိနဲ့ရှုံးနိမ့်ပြီးနောက်ပိုင်း တစ်ကြိမ်မှမရှုံးနိမ့်သေးဘဲ ၁၃ ကြိမ်ဆက် အနိုင်ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်တဲ့အထိ နယူးကာဆယ်အသင်းကို အိမ်ကွင်းမှာ အသာစီးရယူထားပါတယ်။ ဒ့ါပြင် မန်စီးတီးအသင်းအတွက် နယူးကာဆယ်အသင်းနဲ့ ရမှတ်တူညီနေလို့ အခုပွဲစဉ်မှာ အနိုင်ရရှိမယ်ဆိုရင် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခြေအနေကောင်းမွန်လာနိုင်လို့ အိမ်ကွင်းမှာ ရမှတ်ပြည့်ရယူနိုင်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ မန်စီးတီးအသင်းက အိမ်ကွင်းမှာ နယူးကာဆယ်အသင်းကို အနိုင်ရယူနိုင်စွမ်းရှိနေပါတယ်။

နယူးကာဆယ်အသင်းအတွက်ကလည်း အမှတ်ပေးဇယားအဆင့်(၆) နေရာမှာ ရပ်တည်နေလို့ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေသေးတယ်ဆိုပေမယ့် အခုအဝေးကွင်းပွဲစဉ်မှာတော့ ခက်ခက်ခဲခဲရုန်းကန်ရနိုင်ပါတယ်။ ဒီဘောလုံးရာသီ နယူးကာဆယ်အသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ၁၂ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲအနိုင်ရရှိထားပြီး သုံးပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒ့ါပြင် နယူးကာဆယ်အသင်းက မန်စီးတီးအသင်းအိမ်ကွင်းမှာ သွားရောက်ကစားရတိုင်း အမြဲရုန်းကန်ရလေ့ရှိပြီး ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အနိုင်မရရှိခဲ့တာ ဆယ်စုနှစ်တစ်ခုကျော်ကြာမြင့်နေပါပြီ။ ဒါကြောင့် အခုအဝေးကွင်းပွဲစဉ်မှာလည်း မန်စီးတီးအသင်းရဲ့ ဖိအားပေးကစားမှုတွေကို ပွဲချိန်ပြည့်တုံ့ပြန်နိုင်ဖို့ကတော့ ခက်ခဲနေမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ မန်စီးတီးအသင်းက ၂၅ ကြိမ် အနိုင်ရရှိထားပါတယ်။ နယူးကာဆယ်အသင်းက သုံးကြိမ်သာအနိုင်ရရှိပြီး လေးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒီပွဲမှာ အိမ်ကွင်းဆိုရင် အမြဲအသာစီးရလေ့ရှိတဲ့ မန်စီးတီးအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- မန်စီးတီး ၂ - ၁ နယူးကာဆယ်

## လေဗာကူဆင် Vs ဘိုင်ယန်မြူးနစ်

**ကစားမည့်ရက်/အချိန်**

**(၁၅-၂-၂၀၂၅ ည ၁၂:၀၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၀ - ၁ လေဗာကူဆင်**

**ဘိုင်ယန်မြူးနစ် ၁ - ၁ လေဗာကူဆင်**

**လေဗာကူဆင် ၃ - ၀ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

**လေဗာကူဆင် အိမ်(နိုင်) အိမ်(နိုင်) ဝေး(သရေ)**

**ဘိုင်ယန်မြူးနစ် အိမ်(နိုင်) အိမ်(နိုင်) ဝေး(နိုင်)**

ပြီးခဲ့တဲ့ပွဲစဉ်က သရေရလဒ်ကြောင့် ချန်ပီယံဆုအားပြိုင်မှုအတွက် အထိနာခဲ့ရတဲ့ လေဗာကူဆင်အသင်းအတွက် အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲမပျောက်အောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ လေဗာကူဆင်အသင်းက အခုပွဲစဉ်မှာ ထပ်မံခြေချော်ခဲ့မယ်ဆိုရင် ဘိုင်ယန်မြူးနစ်အသင်းနဲ့ ရမှတ်ကွာဟမှုက ပိုမိုကြီးမားသွားနိုင်လို့ ရမှတ်ကွာဟမှုလျှော့နိုင်ဖို့အတွက် မဖြစ်မနေအနိုင်ရလဒ်လိုအပ်နေပါတယ်။ လေဗာကူဆင်အသင်းရဲ့ ဒီဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်ရမယ်ဆိုရင်လည်း ၁၁ ပွဲကစားပြီးချိန်မှာ ရှစ်ပွဲနိုင်ပြီး နှစ်ပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမှာရှိနေပါတယ်။ ဒ့ါပြင် လေဗာကူဆင်အသင်းက ဘိုင်ယန်မြူးနစ်အသင်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပြိုင်ပွဲစုံ ငါးကြိမ်မှာလည်း မရှုံးနိမ့်အောင်စွမ်းဆောင်နိုင်ခဲ့တဲ့အထိ တွေ့ဆုံမှုပိုင်းရလဒ်တွေကောင်းမွန်နေတာကို တွေ့ရမှာပါ။ ဒ့ါပြင် လေဗာကူဆင်အသင်းရဲ့ အိမ်ကွင်းတိုက်စစ်ပိုင်းကလည်း ကောင်းမွန်နေလို့ ဘိုင်ယန်မြူးနစ်အသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးနိုင်မှာပါ။

ဘိုင်ယန်မြူးနစ်အသင်းအတွက်ကလည်း ဒီပွဲစဉ်မှာသာ အနိုင်ရရှိမယ်ဆိုရင် ချန်ပီယံဆုအတွက် ပိုမိုနီးစပ်နိုင်မှာဖြစ်လို့ အဝေးကွင်းဆိုပေမယ့် အမှားခံမှာမဟုတ်ပါဘူး။ ဘိုင်ယန်မြူးနစ်အသင်းက ပြိုင်ပွဲစုံနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရရှိထားပြီး ပုံစံကောင်းတွေပြသထားနိုင်ခဲ့တယ်ဆိုပေမယ့် နောက်ပိုင်းနှစ်တွေမှာတော့ လေဗာကူဆင်အသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိတာကိုတော့ သတိထားရမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းအတွက် အဝေးကွင်းမှာ ခက်ခဲနိုင်လို့ အခုပွဲစဉ်မှာ အမြင့်ဆုံးက သရေရလဒ်သာ မျှော်လင့်ထားရမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဘိုင်ယန်မြူးနစ်အသင်းက ၁၇ ကြိမ်အနိုင်ရရှိထားပါတယ်။ လေဗာကူဆင်အသင်းက ရှစ်ကြိမ်အနိုင်ရရှိပြီး ရှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းက ကွာခြားမှုမရှိလို့ အိမ်ရှင်အားသာချက်နဲ့ကစားလာမယ့် လေဗာကူဆင်အသင်းပဲ အနိုင်ရမှာပါ။

ခန့်မှန်းရလဒ်- လေဗာကူဆင် ၃ -၂ ဘိုင်ယန်မြူးနစ်

## အက်သလက်တီကို Vs ဆယ်တာဗီဂို

**ကစားမည့်ရက်/အချိန်**

**(၁၅-၂-၂၀၂၅ ည ၁၂:၀၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**ဆယ်တာဗီဂို ၀ - ၁ အက်သလက်တီကို**

**အက်သလက်တီကို ၁ - ၀ ဆယ်တာဗီဂို**

**ဆယ်တာဗီဂို ၀ - ၃ အက်သလက်တီကို**

**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

**အက်သလက်တီကို အိမ်(နိုင်) အိမ်(နိုင်) ဝေး(သရေ)**

**ဆယ်တာဗီဂို ဝေး(သရေ) ဝေး(ရှုံး) အိမ်(နိုင်)**

ပြီးခဲ့တဲ့ပွဲစဉ်အဝေးကွင်းမှာ မြို့ခံပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းကို သရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်တဲ့ အက်သလက်တီကိုအသင်းက အိမ်ကွင်းမှာ အနိုင်သုံးမှတ်အတွက် အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိ အက်သလက်တီကိုအသင်းရဲ့ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းကလည်း အိမ်ကွင်းမှာ ဆယ်တာဗီဂိုအသင်းကို အနိုင်ရယူနိုင်ဖို့အတွက် ခက်ခဲမှာမဟုတ်ပါဘူး။ အက်သလက်တီကိုအသင်းရဲ့ ဒီဘောလုံးရာသီ စပိန်လာလီဂါ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင် ၁၂ ပွဲကစားပြီးချိန်မှာ ကိုးပွဲအနိုင်ရရှိထားပြီး သုံးပွဲသရေရလဒ်နဲ့ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

ဆယ်တာဗီဂိုအသင်းကတော့ ပြီးခဲ့တဲ့ပွဲစဉ်က နိုင်ပွဲပြန်လည်ရရှိနိုင်ခဲ့တယ်ဆိုပေမယ့် အခုအဝေးကွင်းမှာ ပြိုင်ဘက်အသင်းက အက်သလက်တီကိုအသင်းဖြစ်နေလို့ ခက်ခဲမှာအမှန်ပါပဲ။ ဆယ်တာဗီဂိုအသင်းက ၂၀၁၈ ခုနှစ်က အက်သလက်တီကိုအသင်းကို အနိုင်ရယူနိုင်ပြီးနောက်ပိုင်းမှာတော့ တစ်ကြိမ်မှအနိုင်ရရှိခြင်းမရှိဘဲ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ ဆယ်တာဗီဂိုအသင်းရဲ့ ဒီဘောလုံးရာသီ စပိန်လာလီဂါ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ၁၁ ပွဲကစားပြီးချိန်မှာ တစ်ပွဲတည်းသာအနိုင်ရရှိခဲ့ပြီး နှစ်ပွဲသရေရလဒ်နဲ့ ရှစ်ပွဲရှုံးနိမ့်ထားတဲ့အထိ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကဆိုးရွားနေလို့ အခုပွဲစဉ်မှာလည်း အက်သလက်တီကိုအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ခက်ခဲနေမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အက်သလက်တီကိုအသင်းက ၁၆ ကြိမ် အနိုင်ရရှိထားပါတယ်။ ဆယ်တာဗီဂိုအသင်းက လေးကြိမ်အနိုင်ရရှိပြီး ငါးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ခြေစွမ်းပိုင်းနဲ့ တွေ့ဆုံမှုပိုင်းမှာပါ အသာစီးမှာရှိနေတဲ့ အက်သလက်တီကိုအသင်းရဲ့အနိုင်ရလဒ်က သေချာစေမှာပါ။

ခန့်မှန်းရလဒ်-အက်သလက်တီကို ၂-၀ ဆယ်တာဗီဂို

## ပရီးမီးယားလိဂ်ပွဲစဉ်(၂၅)

| | | |
|---|---|---|
| လက်စတာ | - | အာဆင်နယ် |
| အက်စ်တွန်ဗီလာ | - | အစ်ဝှစ်ချ် |
| ဖူလ်ဟမ် | - | နော်တင်ဟမ် |
| ဆောက်သမ်တန် | - | ဘုန်းမောက်စ် |
| ဝက်စ်ဟမ်း | - | ဘရန့်ဖို့ဒ် |

## ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၂)

| | | |
|---|---|---|
| ဘိုချမ် | - | ဒေ့ါမွန် |
| စိန့်ပေါ်လီ | - | ဖရိုင်းဘတ် |
| ယူနီယံဘာလင် | - | ဂလာဘတ် |
| စတုဂတ် | - | ဝုဖ်ဘတ် |

## စပိန်လာလီဂါပွဲစဉ်(၂၄)

| | | |
|---|---|---|
| လီဂါနက်စ် | - | အလာဗက် |
| အိုဆာဆူနာ | - | ရီးယဲလ်မက်ဒရစ် |
| ဗီလာရီးယဲလ် | - | ဗလင်စီယာ |

**စည်သူအောင်**



# ယူကရိန်းအား နေတိုးအဖွဲ့ဝင်ဖြစ်လာရေး အားပေးခဲ့သည့် ဂျိုးဘိုင်ဒင်ကြောင့် ယူကရိန်းပဋိပက္ခဖြစ်ပွားဟု ထရမ့်ပြော

**ဝါရှင်တန်၊ စစ်ရေး**

လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခသည် ယူကရိန်းနိုင်ငံအား နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်လာရေး အားပေးအားမြှောက်ပြုခဲ့သည့် ဂျိုးဘိုင်ဒင်ကြောင့်ဖြစ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။



ရုရှားနိုင်ငံ၏ အခြေခံအကျိုးစီးပွားတွင် ယူကရိန်းအား နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်လာစေမည့်နည်းလမ်းကိုမတွေ့ရကြောင်း၊ ရုရှားနိုင်ငံ၏ အဆိုပါရပ်တည်ချက်သည် ခိုင်ခံ့ခြင်းကြောင့် ယူကရိန်းက နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်လာရေး ကြိုးပမ်းမှုကြောင့် ယူကရိန်းပဋိပက္ခစတင်ခဲ့ခြင်းဖြစ်ကြောင်း ထရမ့်က ဖေဖော်ဝါရီလ ၁၃ ရက်တွင် ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ယူကရိန်းနိုင်ငံအနေဖြင့် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်လာနိုင်ရေးနှင့်စပ်လျဉ်း၍ အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီဟက်ဆက်၏ပြောကြားချက်ကို ထရမ့်က ထောက်ခံထားပြီး ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်မည့် ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှု အစီအစဉ်သည် ယင်းနိုင်ငံအား နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်လာရေးကြိုးပမ်းချက်နှင့် သက်ဆိုင်မှုမရှိကြောင်း အမေရိကန်က ရှင်းရှင်းလင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်အစိုးရက ၎င်းတို့၏တပ်ဖွဲ့ဝင်များအား ယူကရိန်းသို့စေလွှတ်မည်ဟူသော ပြောဆိုချက်များကိုလည်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပယ်ချခဲ့ကြောင်းသိရသည်။

Ref: RT

# အမေရိကန်နှင့်အိန္ဒိယနှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏကို ၂၀၃၀ ပြည့်နှစ်ခန့်တွင် ဒေါ်လာ ၅၀၀ ဘီလီယံအထိတိုးမြှင့်မည်



**ဝါရှင်တန်၊ စီးပွားရေး**

အမေရိကန်နှင့်အိန္ဒိယနှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏကို လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် ဒေါ်လာ ၅၀၀ ဘီလီယံအထိရောက်ရှိစေရန် တိုးမြှင့်မည်ဟု အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ပြောသည်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် ရေနံနှင့် ဓာတ်ငွေ့ကုန်သွယ်မှုအပေါ် အဓိကထားလုပ်ဆောင်မည်ဖြစ်ပြီး စွမ်းအင်၊ ကာကွယ်ရေးနှင့်ခေတ်မီနည်းပညာစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း မိုဒီက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖေဖော်ဝါရီလ ၁၃ ရက်က အိမ်ဖြူတော်၌တွေ့ဆုံစဉ် ပြောကြားသည်။ ထို့ပြင် နှစ်နိုင်ငံကြား ကုန်သွယ်မှုကို နှစ်ဆတိုးတက်လာစေရေး လုပ်ဆောင်ရန် အမေရိကန်နှင့်အိန္ဒိယတို့က ရည်မှန်းထားကြောင်း ၎င်းက ဆက်ပြောသည်။

အလားတူပင် အမေရိကန်အနေဖြင့် အိန္ဒိယသို့ ရေနံနှင့်ဓာတ်ငွေ့အဓိကတင်ပို့သည့် နံပါတ်တစ်နိုင်ငံဖြစ်လာရန် ရည်ရွယ်ထားကြောင်း ထရမ့်ကတုံ့ပြန်ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးသည် ပူးတွဲသတ္တုတူးဖော်ရေးနှင့် အရေးပါသည့် ဓာတ်သတ္တုများပြုပြင်စီမံရေးတို့တွင်လည်း ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုက အိန္ဒိယသို့ F-35 ကိုယ်ပျောက်တိုက်လေယာဉ်အပါအဝင် စစ်လက်နက်ရောင်းချမှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ထရမ့်က ဆက်လက်ပြောကြားသည်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့သည် ယခုအခါ အကြီးစားမိတ်ဖက်နိုင်ငံများအဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်ဟု ဝန်ကြီးချုပ်မိုဒီက တွေ့ဆုံပွဲတွင် ပြောကြားခဲ့ကြောင်းသိရသည်။

Ref: Ivt

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### လော့အိန်ဂျလိမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွား

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ လော့အိန်ဂျလိမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း နယူးယောက်ပို့သတင်းစာက ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဖော်ပြသည်။

လော့အိန်ဂျလိမြို့တွင် ဖေဖော်ဝါရီလ ၁၂ ရက် နံနက်ပိုင်း၊ ညနေပိုင်းနှင့် ၁၃ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် မြို့အတွင်းရှိ ဒေသအများအပြားတွင် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခြင်းဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် မြို့အတွင်းမိုးသည်းထန်စွာထပ်မံရွာသွန်းနိုင်ခြင်းကြောင့် ပြည်သူများအား ပြင်ဆင်မှုများလုပ်ဆောင်ကြရန် လော့အိန်ဂျလိမြို့တော်ဝန် ကားရန်ဘေ့စ်က တိုက်တွန်းထားသည်။

အဆိုပါမြို့တွင် ပြီးခဲ့သည့်လအစောပိုင်းက ဆိုးရွားသည့် တောမီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ရာ သစ်တောဟက်တာပေါင်း ၁၆၀၀၀ ကျော်ပျက်စီးသွားပြီး ဒေါ်လာ ၂၅၀ ဘီလီယံကျော် ဆုံးရှုံးခဲ့ရကြောင်းသိရသည်။ Ref: Ivt

### ဟူသီသူပုန်များအား ငွေကြေး၊ လက်နက်များထောက်ပံ့ပေးနေပြီး လေ့ကျင့်သင်ကြားပေးနေဟူသော အမေရိကန်၏စွပ်စွဲချက်ကို အီရန်ငြင်းဆို

အီရန်နိုင်ငံသည် ယီမင်အခြေစိုက် ဟူသီသူပုန်များအား ငွေကြေး၊ လက်နက်များထောက်ပံ့ပေးနေပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်ဟူသော အမေရိကန်၏စွပ်စွဲချက်ကို ကုလသမဂ္ဂဆိုင်ရာ အီရန်အမြဲတမ်းကိုယ်စားလှယ်ရုံးက ငြင်းဆိုလိုက်ကြောင်းသိရသည်။

အီရန်အစိုးရက ဟူသီသူပုန်အဖွဲ့အား ဆယ်စုနှစ်တစ်ခုကျော်ကြာ ငွေကြေး၊ လက်နက်ခဲယမ်းများနှင့် လေ့ကျင့်သင်ကြားမှုများဆက်လက်ပေးအပ်နေခြင်းသည် အဆိုပါသူပုန်အဖွဲ့အပေါ်သို့ ချမှတ်ထားသည့်ပိတ်ဆို့မှုများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ယာယီသံအမတ် ဒေါရသီရှီးက လုံခြုံရေးကောင်စီတွင် ဖေဖော်ဝါရီလ ၁၃ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခြင်းဖြစ်သည်။

အမေရိကန်၏ စွပ်စွဲပြောဆိုမှုအား အီရန်ကကန့်ကွက်ကြောင်း၊ အီရန်နိုင်ငံ၏မူဝါဒသည် ယီမင်နိုင်ငံ၏ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ထောက်ပံ့ပေးခြင်းအပေါ် အမြဲတမ်းအခြေခံထားခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်အမြဲတမ်းကိုယ်စားလှယ်ရုံးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ပေးပို့သည့်စာတွင် ဖော်ပြထားကြောင်းသိရသည်။ Ref: Xinhua

# တောင်ကိုရီးယားတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွား လူခြောက်ဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရ

**ဆိုး၊ မတော်တဆမှု**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဘူဆန်မြို့ရှိ ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ဖေဖော်ဝါရီလ ၁၄ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူခြောက်ဦးသေဆုံးပြီး အခြား ၂၅ ဦး ဒဏ်ရာရရှိသွားကြောင်း အမျိုးသားမီးသတ်အေဂျင်စီအဖွဲ့ကထုတ်ပြန်သည်။

မီးလောင်ကျွမ်းမှုသည် Banyan Tree ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်းခွင်၏ ပထမထပ်တွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၁ မိနစ်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုစတင်ချိန်တွင် လုပ်ငန်းခွင်၌ အလုပ်သမား ၁၀၀ ဦးခန့်ရှိနေခဲ့ကြောင်း မီးသတ်အေဂျင်စီအဖွဲ့က ဆက်လက်ဖော်ပြသည်။

ဒဏ်ရာရရှိသူများအနက် အများစုမှာ ဒဏ်ရာပြင်းထန်မှုမရှိဘဲ အသေးစားဒဏ်ရာများသာရရှိခဲ့ကြောင်း ဘူဆန်ဂီဂျန်မီးသတ်တပ်ဖွဲ့မှအကြီးအကဲဖြစ်သူ ဟုန်မွန်ဆစ်က ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန်အတွက် အာဏာပိုင်အဖွဲ့က မီးသတ်ကား ၁၇ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးကိုစေလွှတ်ခဲ့ပြီး မီးလောင်ကျွမ်းမှုကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့်အကြောင်းရင်းကို အာဏာပိုင်အဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။ Ref: Xinhua, Ndtv



# အင်ဖလေးရှင်းဖိအားလျှော့ချရေးအတွက် စီးပွားရေးလုပ်ငန်းများ၏အားထုတ်မှု

စောနိုင်
(အသုံးချဘောဂဗေဒ)

**နေရာတကာတွင် ဈေးနှုန်းအသီးသီးတို့မြင့်တက်နေသည့်အခြေအနေ (စီးပွားရေးဝေါဟာရအရ ငွေကြေးဖောင်းပွမှုဟုခေါ်သည့် အင်ဖလေးရှင်း (inflation))။** ထိုအခြေအနေကို တစ်ကမ္ဘာလုံးရှိ စီးပွားရေးအဆောက်အအုံအားလုံးနီးပါး ရင်ဆိုင်နေကြရသည်မှာကြာပြီ။ ဈေးနှုန်းများမြင့်တက်စေသည့် အင်ဖလေးရှင်းအကြောင်းတရားမှာ အဘယ်နည်း။ ဘောဂဗေဒအခြေခံသီအိုရီသဘောတရားများတွင် ဖော်ပြထားသကဲ့သို့ ဝယ်လိုအားများမြင့်တက်လာမှု၊ စီးပွားရေးအဆောက်အအုံအတွင်း ငွေကြေးပမာဏများပြားလာမှု၊ ကုန်ကျစရိတ်များမြင့်မားလာမှု စသဖြင့်ရှိသကဲ့သို့ ဆင့်ပွားလာသောအကြောင်းတရားမျိုးစုံ၊ အခြေအနေမျိုးစုံရှိသည်။ နယ်ပယ်ကဏ္ဍစုံ ပိုမိုဆက်စပ်လာနေသော ယနေ့ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင်မူ ပိုမိုများပြားသောအကြောင်းတရားများ၊ ဇာစ်မြစ်များလည်းရှိလာနေသည်။ အားလုံးသည် အင်ဖလေးရှင်းကို အပူရှိန်တက်လာစေရန် ထပ်မံမီးထိုးပေးသည့်အခြေအနေများသာဖြစ်သည်။

ပညာရှင်များ၊ သုတေသီများက အင်ဖလေးရှင်းအကြောင်းတရားများကို ရှုထောင့်အမျိုးမျိုးမှ ထပ်မံစူးစမ်းရှာဖွေကြသည်။ အစိုးရများသည်လည်း မူဝါဒအမျိုးမျိုး၊ ဗျူဟာအမျိုးမျိုးခင်းကျင်း၍ အင်ဖလေးရှင်းကိုဖယ်ရှားနိုင်ရေး အားထုတ်နေကြ၏။ တစ်နပ်စားမကြံရွယ်ဘဲ ရေရှည်ရပ်တည်နိုင်ရေးကိုသာ ဦးတည်ထားကြသော စီးပွားရေးလုပ်ငန်းများကလည်း အင်ဖလေးရှင်းဖိအားကို လျှော့ချနိုင်ရေးနည်းလမ်းများ ရှာဖွေလုပ်ဆောင်နေကြသည်။

ကြီးကြီးကျယ်ကျယ် ပြောရလျှင် အင်ဖလေးရှင်းသည် စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီတစ်ခု သို့မဟုတ် စားသုံးသူတစ်ဦးထက်ပိုသော လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့်သက်ဆိုင်သော ပြဿနာဖြစ်သည်။ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ လုပ်ငန်းတစ်ခုချင်းထက် တာဝန်ရှိသည့်အစိုးရအဖွဲ့အစည်းများ အတူတကွပေါင်းစပ်၍ ကျွမ်းကျင်လိမ္မာစွာလုပ်ဆောင်နိုင်မှုက ပို၍အရေးကြီးသည်။ သို့သော် ထိုတာဝန်ရှိသည့်အဖွဲ့အစည်းများက ဖြေရှင်းနိုင်ခြင်းမရှိသေးလျှင် လုပ်ငန်းတစ်ခုချင်းစီ၏ အင်ဖလေးရှင်းဖိအားလျှော့ကျရေး လုပ်ဆောင်မှုများမှတစ်ဆင့် ကနဦးအထောက်အကူရစေနိုင်သည်။ စီးပွားရေးအဆောက်အအုံတစ်ခုအတွင်း ကျင်လည်လှုပ်ရှားနေကြသောလုပ်ငန်းများ၊ စားသုံးသူများအားလုံးအတွက် အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေသည်ဟု သုတေသီအချို့က လေ့လာတွေ့ရှိထားသည်။

အင်ဖလေးရှင်းသည် စားသုံးသူတစ်ဦးလက်ထဲရှိ ငွေကြေးပမာဏ၊ ဝယ်နိုင်စွမ်းအားတို့ကို အပြောင်းအလဲဖြစ်စေသောကြောင့် ရောင်းရေးဝယ်တာဖလှယ်ရေးရာကိစ္စများအပေါ် များစွာသက်ရောက်မှုရှိ၏။ ထိုမှတစ်ဆင့် စီးပွားရေးအဆောက်အအုံအတွင်း ဆက်လက်လည်ပတ်ဖြစ်ပေါ်




လာမှုများက စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီမှသည် စီးပွားရေးအခြေအနေတစ်ရပ်လုံး၏ အခြေအနေများအဆုံးတစ်ဆင့်ပြီးတစ်ဆင့် သက်ရောက်လျက်အပြောင်းအလဲဖြစ်လာစေနိုင်သည်။

အင်ဖလေးရှင်းအခြေအနေ မြင့်မားနေသည့်အချိန်များတွင် စားသုံးသူများ၏ ဝယ်ယူသုံးစွဲမှုပမာဏ လျော့နည်းသွားသည်။ လိုအပ်ချက်(need)ကို နည်းပါးအောင်ထိန်းသိမ်းကြလိမ့်မည်။ လိုအင်ဆန္ဒများ (wants) များကို ယခင်ကာလများထက် လျော့နည်းစေရန် ချိန်ဆလျှော့ချကြလိမ့်မည်။ အင်ဖလေးရှင်းကို ရင်ဆိုင်နေရသည့်အချိန်အတွင်း အခြေအနေ အမျိုးမျိုးအောက်တွင် စားသုံးသူတို့၏ဝယ်ယူသုံးစွဲမှု ကျုံ့သွားစေသည်။ ငွေကြေးသုံးစွဲမှုများကျုံ့လာမည်။

အင်ဖလေးရှင်းဖြစ်နေချိန်တွင် စီးပွားရေးအဆောက်အအုံတွင်း စီးပွားရေးလုပ်ငန်းများ၏ အားထုတ်မှုအမျိုးမျိုးကိုလည်း တွေ့ရသည်။ ပိုင်ရှင်များ၏ သဘောထားများပေါ်မူတည်၍ တူညီကြမည်မဟုတ်ပေ။ အချို့က ၎င်းတို့ဝယ်နေကျစားသုံးသူများ(ဖောက်သည်)များ ဆက်လက်ထိန်းထားနိုင်ရန် ဈေးနှုန်းမြှင့်တင်ခြင်းမပြုလုပ်ဘဲ ယခင်ဈေးနှုန်းဖြင့်ပင်ရောင်းချနိုင်ရေးအားထုတ်ကြသည်။ ယခင်ဈေးနှုန်းကိုမမြှင့်တင်ဘဲ ထိုဈေးနှုန်းအတိုင်းထုတ်ကုန်အရွယ်အစားကို လျှော့ချထုတ်လုပ်ကြတတ်သည်။ ထိုသို့အခြေအနေကို ရှရင့်ဖလေးရှင်း (Shrinkflation ) ဟုဆိုသည်။ အချို့ကလည်း မြင့်တက်လာသောကုန်ကျစရိတ်ကိုကာမိစေရန် ဈေးနှုန်းတိုးမြှင့်မှုကို မသိမသာပြုလုပ်လေ့ရှိသည်။

အချို့ကထိုသို့မဟုတ်။ အင်ဖလေးရှင်းကိုအကြောင်းပြု၍ ဖြစ်သင့်ဖြစ်ထိုက်သည့်ပမာဏထက် ပိုမို၍ ဈေးနှုန်းမြှင့်တင်တတ်ကြသည်။ အင်ဖလေးရှင်းအခြေအနေကို ကောင်းစွာအသုံးချ၍ အမြတ်ပိုမိုရရှိရန်ကြိုးစားရင်း စားသုံးသူများကို ကုန်ဈေးနှုန်းသောကထပ်မံပေးသည်။ ထိုအခြေအနေကိုလည်း ဂရိဒ်ဖလေးရှင်း (greedflation) ဟုဆိုကြပြန်၏။ ရှရင့်ဖလေးရှင်း (Shrink-flation )နှင့် ဂရိဒ်ဖလေးရှင်း (greedflat-ion)တို့ အတူပေါင်းစပ်မိသွားသောအခါ အဆိုးဆုံးအခြေအနေဖြစ်သွားသည်ဟုဆိုသည်။ စားသုံးသူများသည် အင်ဖလေးရှင်းကြောင့်ဖြစ်ပေါ်လာသော ဖိအားဒဏ်ကို ဖြစ်သင့်သည်ထက် ပိုမိုပြင်းထန်စွာကြုံတွေ့ကြရသည်။ ထိုအခြေအနေတွင် ဒေါက်ဖလေးရှင်း (doubtflation) ဟုခေါ်သည့် သံသယစိတ်ကြောင့် ဖြစ်ပေါ်လာတတ်သည့် အင်ဖလေးရှင်းကို မီးမွှေးပေးသကဲ့သို့ ဖြစ်သွားသည်။ စားသုံးသူများ၏ လုပ်ငန်းများနှင့် ဈေးကွက်အပေါ် ယုံကြည်မှုလုံးလုံးလျားလျား လျော့သွားတော့၏။

လုပ်ငန်းများနှင့် ဈေးကွက်များအပေါ် စားသုံးသူများယုံကြည်မှုလျော့နည်းလာသောကြောင့်ဈေးနှုန်းသည်လည်း ထုတ်လုပ်ရောင်းချသူနှင့်ဝယ်ယူစားသုံးသူတို့အတွက် အသုံးဝင်သည့် ဈေးကွက်အချက်ပြမဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ရောင်းသူဝယ်သူနှစ်ဖက်စလုံးအတွက် ဈေးကွက်ဆုံးဖြတ်ချက်များပြုလုပ်ရန် ခက်ခဲလာတော့သည်။

အင်ဖလေးရှင်းသည် ရေရှည်တွင် စားသုံးသူသာမက ထုတ်လုပ်ရောင်းချသူများကိုပါ အကျဉ်းအကျပ်ဖြစ်လာစေသည်။ အင်ဖလေးရှင်းမြင့်မားလာသည့်အခြေအနေတွင် အိမ်ထောင်စုများ၌ ဝင်ငွေ အဓိကရှာဖွေပေးနေသူအပေါ် ဝန်ထုပ်ဝန်ပိုး ကြီးမားလာသကဲ့သို့ စီးပွားရေးလုပ်ငန်းများ၏ အကြီးအကဲများ၊ လုပ်ငန်းခွင်တာဝန်ရှိသူများအပေါ်တွင်လည်း ထုတ်လုပ်မှုဆိုင်ရာ၊ ဈေးကွက်ဆိုင်ရာဆုံးဖြတ်ချက်များလုပ်ဆောင်ရာ၌ ယခင်ကာလများကထက် ဝန်ထုပ်ဝန်ပိုးပိုမိုကြီးမားလျက် အခက်အခဲရင်ဆိုင်ရမှုများပြားလာသည်။

မြင့်မားသော အင်ဖလေးရှင်းအခြေအနေတွင် အစိုးရအဖွဲ့အစည်းများ၊ ပညာရှင်များ စသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ဖြေရှင်းမှု မည်သို့ပင်ရှိစေကာမူ လက်တွေ့ကြုံတွေ့နေရသည့် ဈေးကွက်ထဲရှိ ထုတ်လုပ်သူများ၊ ရောင်းချသူများအနေဖြင့် ဥစ္စာရင်လို ဥစ္စာရင်ခဲစကားကဲ့သို့ ရောင်းလိုအားဘက်သာမက ဝယ်လိုအားဘက်ရှိ စားသုံးသူများ အခက်အခဲလျော့ကျစေရန် အားထုတ်လုပ်ဆောင်ကြရန်လိုသည်။ အင်ဖလေးရှင်းဖိအား ပိုမိုကြီးထွားမှုမရှိစေဘဲ အချိန်ကာလတစ်ခုအထိ ဈေးကွက်အတွင်း အဆက်မပြတ်လှုပ်ရှားနိုင်ရေးကို ရည်ရွယ်ချက်ထားရမည်။

ထုတ်လုပ်သူများ၊ ရောင်းချသူများအနေဖြင့် ဈေးကွက်အတွင်း စားသုံးသူများ၏ယုံကြည်မှု ပြန်လည်ရရှိလာရန် အားထုတ်လုပ်ဆောင်သင့်သည်။ စီးပွားရေးလုပ်ငန်းပိုင်ရှင်များ၊ မန်နေဂျာများ သို့မဟုတ် တာဝန်ရှိသူများသည် ထုတ်ကုန်တစ်ခုနှင့်ပတ်သက်၍ အင်ဖလေးရှင်းဖိအားကို အားလုံး မျှဝေကျခံနိုင်ရေး နည်းလမ်းရှာဖွေခြင်း၊ ကုန်ကြမ်း သို့မဟုတ် သွင်းအားစုထောက်ပံ့ပေးသူများ၊ အလုပ်သမားများ၊ တာဝန်အဆင့်ဆင့်ရှိသောဝန်ထမ်းများ၊ စားသုံးသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မိတ်ဖက်အစီအစဉ်များပြုလုပ်ပေးခြင်းတို့ အာရုံစိုက်လုပ်ဆောင်ကြရမည်။

၂၀၂၀ ပြည့်နှစ်က သုတေသီတစ်ဦးရေးသားထားသည့်စာတမ်းတစ်စောင်ထဲ၌ ဗင်နီဇွဲလားနိုင်ငံရှိ လက်လီအရောင်းသမားတစ်ဦး၏ အင်ဖလေးရှင်းကာလအားထုတ်မှုအတွေ့အကြုံကိုဖော်ပြထားသည်။ ထိုစာတမ်းထဲတွင် "ဟိုက်ပါအင်ဖလေးရှင်းကြောင့်ဖြစ်လာသော ဝန်ထုပ်ဝန်ပိုးကိုလျှော့ချရာ၌ ၎င်းတို့၏ဆိုင်တွင် ကုန်ပစ္စည်းများကိုဈေးနှုန်းလျှော့ချပေးခြင်း၊ အထူးသဖြင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းအထောက်အပံ့ဖြင့် ရောင်းချပေးခြင်း၊ ၎င်း၏ဆိုင်တွင် လုပ်ကိုင်နေသောအလုပ်သမားများကို စားသောက်ကုန်များထောက်ပံ့ပေးခြင်းတို့ဖြင့် ၎င်းတို့ကိုယ်ပိုင်အမြတ်ငွေများကို စားသုံးသူ၊ အလုပ်သမားများနှင့်အတူ မျှဝေရယူသည့်စိတ်သဘောထားလျက် အင်ဖလေးရှင်းဖိအားလျော့ကျစေရန် လုပ်ဆောင်ခဲ့သည်"ဟု ဖော်ပြထားသည်။

နောက်ထပ်အတွေ့အကြုံမှာ အမေရိကန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ အားထုတ်မှုဖြစ်သည်။ ကိုဗစ်ရောဂါအကျပ်အတည်း၊ အင်ဖလေးရှင်းဒဏ်တို့ကြောင့် ဆေးရုံဆေးခန်းနှင့် ကုန်ကျစရိတ်များ အလွန်အမင်းမြင့်တက်လာနေချိန်တွင် အမြဲတမ်းဖောက်သည်များ (ပုံမှန်လာရောက်ပြသနေသည့် လူနာများ) လိုအပ်သည့်ဝန်ဆောင်မှုများ အဆက်မပြတ်ရရှိစေရန် ဈေးနှုန်း (ဝန်ဆောင်ခနှင့် အခြားသောဆေးဝါးကုန်ကျစရိတ်) မြှင့်တင်သတ်မှတ်ခြင်းမပြုဘဲ ဈေးနှုန်းလုပ်ငန်းစဉ်များကို အလုံးစုံပြင်ဆင်၍ လူနာဖောက်သည်များ ဈေးနှုန်းမြင့်တက်မှုဖိအား မခံစားရစေရန် လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် လူ့အသက်ရှင်သန်ရေးအတွက်လည်းကောင်း၊ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ရေးအတွက်လည်းကောင်း အရေးကြီးနေသောအချိန်တွင် ဈေးနှုန်းမြင့်တက်မှုအကန့်အသတ်ကို ကျော်လွှားနိုင်ရေး တတ်နိုင်သမျှ လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ထိုလုပ်ငန်းသည် အင်ဖလေးရှင်းကြောင့်ဖြစ်လာသော ဈေးနှုန်းမြင့်တက်မှုကို စားသုံးသူဖောက်သည်များနှင့် အတူတကွကျော်ဖြတ်ရင်း လုပ်ငန်း၏ အနာဂတ်အောင်မြင်မှုအလားအလာအတွက် အရေးပါသည့် စားသုံးသူ၏ယုံကြည်မှုကိုပါ ရယူနိုင်ခဲ့သည်ဟုဆိုရမည်။

နောက်ထပ်အတွေ့အကြုံတစ်ခုမှာ အစ္စရေးနိုင်ငံရှိ လမ်းဘေးဈေးသည်တစ်ယောက်၏ အားထုတ်မှုဖြစ်သည်။ ဈေးနှုန်းများမြင့်တက်နေချိန်တွင် အစ္စရေးမြို့တစ်မြို့ရှိ ဖလာဖဲလ် (Falafel) ခေါ် ပဲကြော်လုံး (ဗယာကြော်ပုံစံစားစရာ) ရောင်းသည့် ဈေးသည်တစ်ဦးသည် ၎င်းရောင်းချသည့်စားစရာတို့ကို ဈေးနှုန်းမြှင့်ထားခြင်းမရှိဘဲ ယခင်ဈေးနှုန်းများအတိုင်း သတ်မှတ်ရောင်းချခဲ့သည်။ အခြားကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်း

**စာမျက်နှာ ၂၆ သို့ ●**

# (၃၇)ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်း၏ (၃၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်းမှ အမှုဆောင်များနှင့် အသင်းဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးများနှင့် အရာရှိများ၊ ခရိုင်/မြို့နယ်များမှ မီးသတ်အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တပ်ဖွဲ့ဝင်များက ၇၅ နှစ်နှင့်အထက် မီးသတ်ဝန်ထမ်းဟောင်း ၈၂ ဦးအား ဂါရဝပြုကန်တော့ပြီး ညွှန်ကြားရေးမှူးချုပ်က အလှူငွေကျပ် ၂၁၁၈၀၀၀၀ ကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး သင်တန်းအမှတ်စဉ်(၄)မှ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၆ သိန်းနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၁၅ သိန်းခွဲတို့ကိုလည်းကောင်း အသင်းနာယက ဦးမြင့်ထွန်းထံသို့ အသီးသီးပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် တည်ဆောက်လျက်ရှိသည့် မီးသတ်တပ်ဖွဲ့ ဘိုးဘွားရိပ်သာအတွက် မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်းမှ အလှူငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ လက်ထောက်ဦးစီးမှူးလောင်း သင်တန်းအမှတ်စဉ်(၁)မှ ငွေကျပ်နှစ်သိန်းနှင့် မီးသတ်ဦးစီးဌာန(နေပြည်တော်)ရုံးတွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရာဇမုဏိ ရုပ်ပွားတော်မြတ် ဓမ္မာရုံတည်ဆောက်ရန် အတွက် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ညွှန်ကြားရေးမှူးချုပ်ထံသို့ အသီးသီးပေးအပ်လှူဒါန်းကြသည်။

ယင်းနောက်မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများ၏ သာရေး/နာရေးအတွက် ကူညီထောက်ပံ့ပေးကြသည့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် ဇနီး ဒေါ်ခင်ယုံ၊ စန္ဒီပရဆေးကုမ္ပဏီ၊ မြတ်နိုးလေးကုမ္ပဏီ၊ ဦးမင်းစမ်းအေးမိသားစုနှင့် ဦးမိုးဇော်(Secure Network)မိသားစုတို့အား အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ (၃၇)ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကိုကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသင်းနာယက ဦးမြင့်ထွန်းနှင့်အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က အမှာစကားများပြောကြားကြပြီး နှစ်ပတ်လည်အစီရင်ခံစာအား မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်း အတွင်းရေးမှူး ဦးသော်တာ ညွှန်ကြားရေးမှူး(ငြိမ်း)က တင်သွင်းကာ အသင်းနှစ်ပတ်လည် အစည်းအဝေးပြီးမြောက်ခဲ့ကြောင်း သိရသည်။

**နေကိုထိုက်**

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက်ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## ရွှေတောင်မြို့နယ်၌ ဆီးသစ်တော်(ခ) လေးပင်ဆီးသီးစိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိ

ရွှေတောင် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ကသစ်တိုင်းကျေးရွာ၌ ဆီးသစ်တော်(ခ) လေးပင်ဆီးသီးပင်များ စိုက်ပျိုးထားရှိရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ဒီဆီးသစ်တော်(ခ)လေးပင် ဆီးသီးမျိုးပင်များကို အောင်လံမြို့နယ်လေးပင်ကျေးရွာမှာ အပင် တစ်ဧကစိုက်ပျိုးထားတာပါ။ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ၂၀၂၃ ခုနှစ်မှာ စတင်အသီးသီးပြီး နှစ်စဉ်ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလမှ ရောင်းချရပါတယ်။ ဈေးကွက်အနေနဲ့ကတော့ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေကို တင်ပို့ရောင်းပါတယ်" ဟု ဆီးသစ်တော်(ခ) လေးပင်ဆီးသီး စိုက်ပျိုးတောင်သူ ဦးကိုမောင်နိုင်က ပြောကြားသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

● စာမျက်နှာ ၂၅ မှအဆက်

မြင့်တက်နေသည့်တိုင် ဈေးနှုန်းမတက်ဘဲ အရင်အတိုင်း ရောင်းချပေးသည့်အတွက် ဖောက်သည်များက ၎င်းထံမှ ယခင်အတိုင်း ပုံမှန်ဝယ်ယူနိုင်ခဲ့ကြသည်။ မြင့်တက်လာသော ကုန်ကျစရိတ်ရှိနေသည့်တိုင် အချိန်ကာလတစ်ခုအတွင်း ယခင်ရရှိထားသည့် အမြတ်ပမာဏကို လျှော့ချယူ၍လည်းကောင်း၊ အခိုက်အတန့် အနည်းငယ် အရှုံးခံ၍လည်းကောင်း ရောင်းချခဲ့ခြင်းဖြင့် စားသုံးသူများက ၎င်းအပေါ် ခင်မင်မှု၊ ယုံကြည်မှုနှင့် နားလည်မှုများ ပိုမိုဖြစ်တည်လာခဲ့ရာ အနာဂတ်ကာလများအတွက်ပါ စိတ်ချရသော ဖောက်သည်များအဖြစ် တည်ဆောက်နိုင်ခဲ့သည်။

စီးပွားရေးလုပ်ငန်းအကြီးအသေးအများစုသည် ယေဘုယျအားဖြင့် ထိုနည်းလမ်းကိုအသုံးချနိုင်စွမ်းမရှိကြချေ။ ထိုသို့လုပ်ဆောင်ခြင်းသည် လုပ်ငန်းအတွက် ကာလတိုအချိန်တစ်ခု၌ အခက်အခဲများ၊ ဆုံးရှုံးမှုများရှိနိုင်သော်လည်း ရေရှည်ကာလတွင် လုပ်ငန်းအပေါ် စားသုံးသူများ၏ယုံကြည်မှု မြင့်တက်လာစေခြင်း၊ အနာဂတ်အတွက် ဖောက်သည်သစ်များ ဆွဲဆောင်ပြီးသားဖြစ်ခြင်းတို့ကြောင့် စွမ်းဆောင်ရည်အင်အားကောင်းသော ကာလရှည်မဟာဗျူဟာဖြစ်ပေသည်။

ရောင်းလိုအားဘက်ရှိ ထုတ်လုပ်မှုလုပ်ငန်းများ၊ ဈေးကွက်အတွင်းရှိ ရောင်းချသူများက ဝယ်လိုအားဘက်ရှိ ဝယ်ယူစားသုံးသူ၏ အခက်အခဲများ၊ လိုအပ်ချက်များကိုသိမြင်လျက် ဖြေရှင်းပေးခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့သည် စားသုံးသူများအတွက် များစွာအထောက်အကူဖြစ်စေသကဲ့သို့ လုပ်ငန်းများ၏ အနာဂတ် အလားအလာအတွက်လည်း ကြီးမားသောပံ့ပိုးမှုကို ဖြစ်စေသည်။ အခြားသောအချိန်များတွင် လုပ်ဆောင်ပေးခြင်းထက် အင်ဖလေးရှင်းကို ရင်ဆိုင်နေရချိန်၌ လုပ်ဆောင်ပေးနိုင်ခြင်းက လုပ်ငန်းများ၏ အနာဂတ်အကျိုးစီးပွားဖြစ်ထွန်းမှုအတွက်လည်း များစွာအထောက်အကူရစေလိမ့်မည်။

ဈေးနှုန်းများအားလုံး မြင့်တက်နေသည့် အင်ဖလေးရှင်းအချိန်ကာလအတွင်း စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် အလုပ်သမားများကြား မကြာခဏတွေ့ဆုံ၍ ငွေကြေးဖောင်းပွမှုအကြောင်း ဗဟုသုတဖြစ်ဖွယ်ပြောဆိုဆွေးနွေးခြင်း၊ လုပ်ငန်းဆိုင်ရာဘဏ္ဍာရေးအခြေအနေ၊ ဗျူဟာများ၊ ဈေးနှုန်းကိစ္စများ၊ လုပ်ခချိန်ညှိမှုများအတွက် အသိပေးခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ အမာခံစားသုံးသူများ (ဖောက်သည်များ) ကို နည်းလမ်းအမျိုးမျိုးအသုံးပြု၍ တွေ့ဆုံ လျက် အင်ဖလေးရှင်းသောက ပြေလျော့စေသည့်အစီအစဉ်များ ပြုလုပ်ပေးခြင်း၊ အခြားစားသုံးသူများသိရှိစေရန်လုပ်ဆောင်ပေးခြင်းတို့သည်လည်း ခက်ခက်ခဲခဲရှိနေသည့်ကာလအတွင်းမှာပင် မိမိတို့ကုမ္ပဏီ၊ လုပ်ငန်းအပေါ် ယုံကြည်မှုကို တည်ဆောက်နေခြင်းပင်ဖြစ်သည်။ လုပ်ငန်းတစ်ခု၏ ကာလရှည်ဖြစ်ထွန်းတိုးတက်မှုကိုဦးတည်သည့် ထိရောက်သောလုပ်ငန်း မဟာဗျူဟာဟုပင်ဆိုရပေမည်။

အချို့သောစီးပွားရေးအဆောက်အအုံများထဲ၌ စီးပွားရေးလုပ်ငန်းများ အချင်းချင်းကြားတွင် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် သမဂ္ဂအဖွဲ့အစည်းများ ကြားတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများ ကြားတွင်လည်းကောင်း တွေ့ဆုံဆွေးနွေးအဖြေရှာလျက် သွင်းအားစုဈေးနှုန်းများ၊ လုပ်ခလစာများ၊ ကုန်ပစ္စည်းဈေးနှုန်းများ အတက်အကျနည်းပါးစေရန် ထိန်းသိမ်းမှုများကို အတူတကွ လုပ်ဆောင်တတ်ကြပေသည်။ ပိုမိုရှုပ်ထွေးလာသော ငွေကြေးလုပ်ငန်းစဉ်များ၊ ရောင်းလိုအားကွင်းဆက်များ၊ တိုးပွားလာနေသော စားသုံးသူများ၏ လိုအပ်ချက်များ၊ အခြေအနေအမျိုးမျိုးမှပေါ်ထွက်လာနိုင်သော စီးပွားရေးဘေးအန္တရာယ်များ စသဖြင့် အခက်အခဲကြား၌ ရှန်းကန်နေရစဉ်မှာပင် စီးပွားရေးလုပ်ငန်းအကြီး၊ အသေးမှန်သမျှတို့သည် အင်ဖလေးရှင်း အပူလှိုင်း၏ ထပ်မံရိုက်ခတ်လာမှုကို ခံနေကြရ၏။ ထိုသို့အခြေအနေများကြားမှာပင် လုပ်ငန်းအချို့ ရှင်သန်ရပ်တည်နိုင်ခဲ့ကြသည်ကို စိတ်ဝင်စားဖွယ်လေ့လာတွေ့ရှိနိုင်ပေသည်။ ။

Ref: November 11, 2022 Harvard Business Review


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
VEGA
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၀


အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT
QUALITY
09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။


KHA YAE PIN MART
STARMART nine mile
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
RHINO
Lemon Tea
NAN MYAING

တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် တရားခံများအား ဖမ်းဆီးရမိသည့်နေရာပြပုံ






ထိုင်းနိုင်ငံတွင်နေထိုင်သူ ဝယ်ဆန် ငှားရမ်းထားသည့် တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ အွန်လိုင်းဂိမ်းလောင်းကစားသမားများနေထိုင်သည့် အဆောက်အဦပုံ။




အွန်လိုင်းဂိမ်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် Flat Desktop ၃၂၉ လုံး၏ မှတ်တမ်းဓာတ်ပုံ။



အွန်လိုင်းဂိမ်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဖမ်းဆီးရမိသည့် အွန်လိုင်းဂိမ်းလောင်းကစားသမား တရားခံ ၁၆ ဦး၏ မှတ်တမ်းဓာတ်ပုံ




■ ကျောဖုံးမှအဆက်

တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေး ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသားကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ်စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တာချီလိတ်မြို့၊ ဆန်ဆိုင်း(က) ရပ်ကွက်ရှိ ထိုင်းနိုင်ငံတွင်နေထိုင်သူ ဝယ်ဆန် ငှားရမ်းထားသည့် နေအိမ်တွင် အွန်လိုင်းလောင်းကစားတာဝန်ခံ မင်းကျော်နှင့် စကားပြန်၊ စာရင်းကိုင် ရီရီဖြိုးတို့ ၂ ဦးအပါအဝင် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၁၆ ဦးတို့ကို တရားမဝင်အွန်လိုင်းလောင်းကစားပြုလုပ်ရာ၌ အသုံးပြုသည့် laptop ၆၁ လုံး၊ Flat Desktop ၃၂၉ လုံး၊ System(CPU) ၉၀ လုံး၊ ဖုန်းမျိုးစုံ ၉၀ လုံး၊ လိုင်စင်မဲ့မော်တော်ယာဉ် ၂ စီး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးပူးပေါင်းအဖွဲ့များက ဆက်လက်ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလ ၁၃ ရက် ညနေပိုင်းတွင် အဆိုပါရပ်ကွက်အတွင်း နေထိုင်သည့် ထိုင်းနိုင်ငံသားအမျိုးသား ၇ ဦးနှင့် မြန်မာနိုင်ငံသားအမျိုးသား ၁ ဦး၊ အမျိုးသမီး ၅ ဦး စုစုပေါင်း ၁၃ ဦးတို့အား ကွန်ပျူတာ ၅၀ လုံး၊ ဖုန်းမျိုးစုံ ၃၀၀ လုံး၊ ဘိန်းစာရွက်(အစို) ၁ ကီလိုခန့်စီပါ ၄ ထုပ်၊ ဘိန်းစာရွက်ပြုတ်ရည် ၁ လီတာပါ ၁၀ ဘူးနှင့် ချောင်းဆိုးပျောက်ဆေးရည် ၃၀ ပုလင်းတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်၍ တာချီလိတ်မြို့နယ်၊ ဆန်ဆိုင်း(က) ရပ်ကွက်အတွင်း ဖေဖော်ဝါရီလ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှုအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်မှုများဖြစ်ကြသည့် ထိုင်းနိုင်ငံသားအမျိုးသား ၇ ဦး၊ မြန်မာနိုင်ငံသားအမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၀ ဦး၊ စုစုပေါင်း ၂၉ ဦးတို့နှင့်အတူ ကွန်ပျူတာမျိုးစုံ ၄၄၀ လုံး၊ System (CPU) ၉၀ လုံး၊ ဖုန်းမျိုးစုံ ၃၉၀ လုံး၊ လိုင်စင်မဲ့မော်တော်ယာဉ် ၂ စီး၊ ဘိန်းစာရွက်(အစို) ၁ ကီလိုခန့်စီပါ ၄ ထုပ်၊ ဘိန်းစာရွက်ပြုတ်ရည် ၁ လီတာပါ ၁၀ ဘူး၊ ချောင်းဆိုးပျောက်ဆေးရည် ၃၀ ပုလင်းနှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၂၉ သို့ ■**

■ စာမျက်နှာ ၂၈ မှအဆက်

အဆိုပါဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ ထိုင်းနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံ၊ တာချီလိတ်မြို့သို့ အလည်အပတ်နှင့် အလုပ်လုပ်ကိုင်ရန်အတွက် အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဝင်ရောက်လာခဲ့ရာမှ တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်လုပ်ကိုင်ကြသူများက ဆက်သွယ်ခဲ့သဖြင့် ယခုကဲ့သို့ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အွန်လိုင်းဂိမ်းပိုင်ရှင်ဖြစ်သူ တစ်ဖက်နိုင်ငံ ချင်းမိုင်မြို့တွင်နေထိုင်သည့် ထိုင်းနိုင်ငံသား ဝယ်ဆန်နှင့် ဇနီးဖြစ်သူ ရန်ကျူး အပါအဝင် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများအား စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဖမ်းဆီးရမိသည့် အွန်လိုင်းလောင်းကစားသမားများဖြစ်သည့် ထိုင်း ကျား ၇ ဦး၊ မြန်မာနိုင်ငံသား ကျား ၁ ဦး၊ မ ၅ ဦး၊ ပေါင်း တရားခံ ၁၃ ဦးနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ





ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၃ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးနှင့် သာမညမှမော်လမြိုင်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck (၁)စီးနှင့် Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှာဘက်ခြမ်း)၌ ဘားအံမြို့မှမန္တလေးမြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၅၀၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Anhui Ankai Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၉၅၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့၊ မြို့အဝင်၊ (၆)မိုင်ရွာအနီး၌ရပ်တန့်ထားသောမော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၄၀၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီးနှင့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၅၄၀၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(၃ ဒသမ ၂၁၆)တန်၊ အခြားသစ် (၁၁ ဒသမ ၉၃၀) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၆၈၄၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၀၉၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sung Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးမြို့၊ စွယ်တော်ဘုရားအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၈၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၇၉၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်၊ လှည်းကူး- ဖောင်ကြီး ကားလမ်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ကျွန်းသစ် ( သုည ဒသမ ၆၁၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၈၈၂၄)၊ အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Ipsum မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)နှင့် တိုက်ကြီးမြို့နယ်၊ ဖလုံ(၂)နယ်မြေ၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၁၄)တန်၊ အခြားသစ် (၉ ဒသမ ၈၇၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၅၇၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hino Truck (ယာဉ်အိုဟောင်း) (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ တိုက်ကြီးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Dayang မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၉၃၄၆၀၄)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် **ဖေဖော်ဝါရီလ ၁၄ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၇၂၅)တန်၊ အခြားသစ်(သုည ဒသမ ၄၀၇) တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၂၇၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၄၅၃၅၈၇၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

## ရောင်းခွန်/ဝယ်ခွန်ပေးဆောင်ရန် ပျက်ကွက်နေသူများ သိရှိစေရန် ကြော်ငြာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဒေသကော်ဖီစီမံကိန်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုး လုပ်ကိုင်ခွင့်အား စာချုပ်ပါစည်းကမ်းသတ်မှတ်ချက်နှင့်အညီ စာချုပ်ချုပ်ဆို၍ သတ်မှတ်နေရာချထားပေးခဲ့ရာ စိစစ်ချက်အရ အချို့သောလက်ရှိလုပ်ကိုင်နေသူ များသည် မူလခွင့်ပြုပေးထားသူများထံမှ လွှဲပြောင်းရယူခဲ့သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ ကော်ဖီစိုက်ပျိုးမြေ မူလချထားပေးသူနှင့် အမည်ကွဲလွဲနေသူ နှစ်ဦးနှစ်ဖက်လုံး အနေဖြင့် ရောင်းခွန်/ဝယ်ခွန်များကို ပြင်ဦးလွင်မြို့နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာန သို့ ၁၀-၁-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍ပေးဆောင်သွားရန်နှင့် အကြောင်းအမျိုးမျိုး ကြောင့် သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းရန် အခက်အခဲရှိသူများကို ၃၁-၁-၂၀၂၅ ရက်နေ့အထိ ရောင်းခွန်/ ဝယ်ခွန်များပေးဆောင်စေရေး သက်တမ်းတိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အခွန်ငွေပေးသွင်းရန်ကျန်ရှိသူများသည် **၁၇-၂-၂၀၂၅ ရက်နေ့ မတိုင်မီပေးသွင်းရန်နှင့် အခွန်ငွေပေးဆောင်ခြင်းမရှိပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးကြော်ငြာအပ်ပါသည်။**

**စိုက်ပျိုးရေးဦးစီးဌာန**

## မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း/သစ်မာ (သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်)(၂၅၀)တန်ခန့်၊ သစ်မာသစ်လုံး**(ရန်ကုန်/နယ်)** (၁၀၀၀)တန်ခန့် **(ပျဉ်းကတိုး၊ အခြားသစ်မျိုးများ)**၊ ကျွန်းခွဲသား (၄၂)တန်ခန့်၊ SM ကျွန်းခွဲသား(၉)တန်ခန့်

(ခ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
ကျွန်းခွဲသား (၂၇၀)တန်ခန့်

(ဂ) ရောင်းချမည့်ရက်နှင့်အချိန် - (၄-၃-၂၀၂၅)၊ နံနက်(၉:၀၀)နာရီ

(ဃ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှု ရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက် ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့ သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန်-Ph; 01-287430, 01-528771, 01-528764

### ဖခင်အမည်မှန်
လယ်ဝေးမြို့၊ အ.ထ.က(၁) Grade-10(E) မလှိုင်လှိုင်ငွေ၊ အင်ဘု အ.ထ.က(ခွဲ) Grade-9(A) မောင်ဂျေမောင်မောင်တို့၏ဖခင် ဦးမိုး၏ အမည်မှန်မှာ ဦးလှမိုး ၉/လဝန(နိုင်)၂၆၉၅၂၆ ဖြစ်ပါကြောင်း။ **ဦးလှမိုး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တသုခ အ.ထ.က Grade-8 တွင် ပညာသင်ကြားနေသော မောင်ရဲရင့်အောင်၏ဖခင် ဦးအောင်၏ အမည်မှန်မှာ ၁၄/မအန(နိုင်)၀၇၉၁၂၂ အရ ဦးအောင်လွင်ဖြစ်ပါကြောင်း။ **ဦးအောင်လွင်**

### ပျောက်ဆုံးကြောင်း
မူဆယ်မြို့နယ်နေ မနန်းမွန်း(ဘ)ဦးလာခေါင် ၁၃/မဆတ(နိုင်)၀၇၇၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI 923893)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၇၈၈၈၆၈

### ပျောက်ဆုံးကြောင်း
ဖွဲရန်နောင်(ဘ)ဦးအောင်ကျော်မင်း ၁၂/အစန (နိုင်) ၂၆၂၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၄၂၂၇၀၀

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အောင်ခိုင် အ.ထ.က(ခွဲ) ကျောင်းဝင်အမှတ်(၂၃၀၂) Grade-7 မှ ပညာသင်ကြားနေသော အဘ ဦးဝင်း သိန်း ၈/တတက(နိုင်)၀၄၆၅၉၈ ၏သား မောင်ဝေဖြိုး အောင်၏အမည်မှန်မှာ မောင်ဖြိုးဝေအောင်ဖြစ်ပါ ကြောင်း။ **မောင်ဖြိုးဝေအောင်**

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့နေ မချိုဇင်ဦး(ဘ)ဦးသန့်ဇင်ဦး ၇/သနပ(နိုင်)၁၁၂၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

### ပျောက်ဆုံးကြောင်း
စိုင်းကောင်းခန့်(ဘ)ဦးကျော်ပြုံးထွန်း ၁၂/ ဗတထ(နိုင်)၀၄၇၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မြတ်ကိုကိုဦး(ဘ)ဦးမြင့်ဦး ၇/ပမန(နိုင်) ၁၅၀၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဇင်ယုခိုင်(ဘ)ဦးမြင့်နိုင် ၅/ယမပ(နိုင်) ၁၂၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရဲဝင်းနိုင်(ဘ)ဦးအုန်းတင့် ၉/ပဥလ(နိုင်) ၀၁၇၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(M 865091)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သူဇာလှိုင်(ဘ)ဦးမြင့်လွင် ၉/ဥတသ(နိုင်) ၀၀၃၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဒေါ်မွန်း(ဘ)ဦးလောလျှို ၁/ဗမန(နိုင်) ၀၉၂၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မျိုးညွန့်(ဘ)ဦးလှမောင် ၁၂/ဗဟန(နိုင်) ၀၅၀၉၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဟန်ထွန်းအောင်(ဘ)ဦးကျော်ကျော် ၁၂/ လသယ(နိုင်)၀၃၁၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
စောလယ်မူးစေး(ဘ)စောလားခူ ၁၄/ပပတ (နိုင်)၁၉၉၁၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၀၁၁၅၈၆၈

### ပျောက်ဆုံးကြောင်း
ခင်သီတာဆွေ(ဘ)ဦးသောင်းညွန့် ၁၂/လမန (နိုင်)၁၄၇၃၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မွန်မွန်ဇင်(ဘ)ဦးထိန်ဝင်း ၁၂/လမတ(နိုင်) ၀၀၂၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စည်သူပိုင်(ဘ)ဦးတင်ဝင်း ၁၂/ဥကတ(နိုင်) ၁၈၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB 359829)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဦးဝင်းအောင်(ဘ)ဦးအုန်းဝေ ၉/လဝန(နိုင်) ၀၄၇၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၅၄၀၉၈၂

### ပျောက်ဆုံးကြောင်း
ဟန်နွေ့ဇွန်(ဘ)ဦးခိုင်ထွန်း ၉/လဝန(နိုင်) ၁၉၉၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၇၉၅၂၇၈၈

### ပျောက်ဆုံးကြောင်း
လှစုနွယ်(ဘ)ဦးဆန်းဝင်း ၃/ဘအန(နိုင်) ၄၁၀၇၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၉၈၅၄၁၉

### ပျောက်ဆုံးကြောင်း
အစ်ကဗား(ခ)ကျော်ကျော်(ဘ)ဦးယူစွတ် ၁၂/မဂတ(နိုင်)၀၆၅၅၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 266325)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နန်းခင်နှင်းဝေ(ဘ)ဦးစိန်မောင်အေး ၃/ဘအန (နိုင်)၃၈၁၅၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MC 620651)မှာ ပျောက် ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဖြူဖြူထွန်း(ဘ)ဦးတင်သိန်း ၁၄/မအန(နိုင်) ၂၄၂၈၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 128951)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၈၀၄၅၇၆

### ပျောက်ဆုံးကြောင်း
စသခလိန်(ဘ)ဦးလှမြိုင် ၁၄/ကပန(နိုင်) ၂၀၉၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၀၁၁၅၈၆၈

### ပျောက်ဆုံးကြောင်း
ထွန်းဇော်ဝင်း(ဘ)ဦးမြတ်စံ ၁၂/မဂဒ(နိုင်) ၀၀၂၃၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၅၅၇၈၅၂၆

### ပျောက်ဆုံးကြောင်း
သန်းမြင့်(ဘ)ဦးမဒူးလား ၁၂/အစန(နိုင်) ၁၅၉၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၁၀၈၁၁၈၁

### ပျောက်ဆုံးကြောင်း
ခင်သီတာကျော်(ဘ)ဦးကျော်ငယ် ၁၁/မအန (နိုင်)၀၃၉၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(A 090062)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၂၅၀၁၂၅၄၇၀

### ပျောက်ဆုံးကြောင်း
သူဇာစိမ်း(ဘ)ဦးအစိမ်း ၁၂/ဥကတ(နိုင်) ၁၃၀၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၃၇၀၆၅၅

### ပျောက်ဆုံးကြောင်း
နွားထိုးကြီးမြို့နယ်၊ လျှော်ဖြူကျေးရွာ နေ ဦးစိန်သောင်း(ဘ)ဦးထွန်းမင်း ၉/ နထက(နိုင်)၁၅၉၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၉၁၆၇၃

### ပျောက်ဆုံးကြောင်း
နွားထိုးကြီးမြို့နယ်၊ လျှော်ဖြူကျေးရွာ နေ ဇင်မာဌေး(ဘ)ဦးလှမော် ၉/နထက (နိုင်)၁၂၈၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၉၁၆၇၃

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ကတွင်းခြံကျေးရွာနေ သူဇာ အောင်(ဘ)ဦးသက်ဦး ၇/ပခန(နိုင်) ၂၅၂၆၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၀၈၇၉၀၀

### ပျောက်ဆုံးကြောင်း
မိုးညှင်းမြို့၊ အောင်သပြေ(၃)ရပ်ကွက် နေ ကိုအောင်မင်းထွန်း(ဘ)ဦးအိုက် ဆန်း ၁/မညန(နိုင်)၁၅၇၆၀၉ ကိုင် ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 501928)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၈၉၄၄၁၁၁၆၆

### ပျောက်ဆုံးကြောင်း
ချစ်ဆုဆုသွယ်(ဘ)ဦးစိုးဝင်းအောင်၁၂/ရကန (နိုင်)၀၇၅၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MB 935142)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၇၉၇၈၀၅၅၃၅

### ပျောက်ဆုံးကြောင်း
အောင်သူကျော်(ဘ)ဦးကျော်စိန် ၁၂/အစန (နိုင်)၀၀၄၈၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၂၄၂၅၅၁

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ဟသ်ာကုန်းရပ်ကွက်၊ ရွှေဖရုံ မယ်(၉)လမ်းနေ အောင်မျိုးဝင်း(ဘ) ဦးကြည်ဝင်း ၇/ပခန(နိုင်)၄၅၃၀၄၈ ကိုင် ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၅၁၉၅၁၉၈

### ပျောက်ဆုံးကြောင်း
ဖျာပုံမြို့၊ (၉)ရပ်ကွက်၊ (၁၀)လမ်းနေ မောင်ဝေယံ(ဘ)ဦးဟန်ဝင်းအောင် ၁၄/ ဖပန(နိုင်)၂၀၄၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 275163) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၄၇၈၀၀၀

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ကမာနတ်ကျေးရွာနေ ထွန်း ကိုကို(ဘ)ဦးတင်လှ ၇/ပခန(နိုင်) ၃၀၆၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၁၈၉၄၈၅

### အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးမောင်မောင်ဆန်း ၏သမီး နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ ကမန(နိုင်)၁၁၁၉၆၈ ကိုင်ဆောင်သူ မနှင်းယုဝေ (ခ)မကြူကြူဝင်းမှာ အထက်ဖော်ပြပါ နိုင်ငံသား စိစစ်ရေးကတ်အား ကိုင်ဆောင်သူတစ်ဦးတည်း သာဖြစ်ပြီး မှတ်ပုံတင်တွင်ပါရှိသောအမည် မနှင်းယုဝေသာအမှန်ဖြစ်ပါကြောင်း။ **မနှင်းယုဝေ**

### ပျောက်ဆုံးကြောင်း
သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက် နေ ဖြိုးမောင်မောင်(ဘ)ဦးစိုးမြင့် ၁၂/ သလန(နိုင်)၁၂၄၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၉၂၃၆၇၅

### မွေးသက္ကရာဇ်အမှန်
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့၊ ကျောက်ကန်ကျေးရွာနေ အဘ ဦးကောက်၏သား ၈/မမန(နိုင်) ၂၁၅၂၉၈ ကိုင်ဆောင်သူ မောင်သိန်း အေးမောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၆-၁၉၉၅)ဖြစ်ပါကြောင်း။ (၂-၆-၁၉၉၅)

### ပျောက်ဆုံးကြောင်း
နန်းခင်ဥ(ဘ)ဦးလိုင်းခမ်း ၁၃/သနန(နိုင်) ၀၀၆၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 712453)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၆၈၁၁၃၁

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်နေ မောင်ကိုကိုလတ်(ဘ)ဦးညာဏ်လင်း ၇/ ပခန(နိုင်)၄၉၈၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်ပြောင်း
ပုသိမ်မြို့နယ်၊ အ.ထ.က(ကြက်ပေါင်)၊ Grade-10(STEAMs-2) တွင် ပညာသင်ကြား နေသော (ဘ)ဦးမောင်မောင်ဝင်း ၁၄/ပသန (နိုင်)၀၀၂၄၁၂ ၏သား ကျောင်းဝင်အမှတ် (၀၂၄၉)ဖြစ်သူ မောင်ရာဇာအောင်အား ယနေ့မှစ၍ မောင်ဆတ်လွင်နိုင်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ **မောင်ဆတ်လွင်နိုင်**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၁၂)၊ သီရိလမ်းနေ ဒေါ်နီလာဝင်း(၉/မထလ (နိုင်)၀၀၇၆၈၉)ကိုင်ဆောင်သူမှ (အလျား ၃၀'-၀" x အနံ ၃၀'-၀")Steel Structure(၁)ထပ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာ ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါ ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၂)၊ သုခကာရီလမ်း၊ အရှေ့လားသော် ဒေါ်ထားထား ဝင်းနေအိမ်၊ အနောက်လားသော် ဦးမျိုးညွန့်နေအိမ်၊ တောင်လားသော် ဦးဌေးလွင်နေအိမ်၊ မြောက်လားသော် သုခကာရီလမ်း၊ ၎င်းအလား(၄)ရပ်ရှိမြေကွက်တွင် ဒေါ်ဝင်းဝင်းမြင့်(၉/ မထလ(နိုင်)၁၇၂၄၇၆)ကိုင်ဆောင်သူမှ(အလျား ၂၄'-၀" x အနံ ၂၄'-၀")RC(၁)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာ ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါ ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

❖ **လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၌ တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိ၊ လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်



ဆန်ဆိုင်း(က)ရပ်ကွက်ရှိ နေအိမ်ခြံဝင်း၌ အွန်လိုင်းဂိမ်းလောင်းကစားပြုလုပ်သည့် တရားခံ ၁၆ ဦးအား ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်မှုများကို ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာနှင့်ပူးပေါင်း၍လည်း ဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း **စာမျက်နှာ ၂၈ ကော်လံ ၃** ■

(၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ စာ - ၆ သို့

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ပြသရောင်းချ၊ ပြည်သူများနှင့် နိုင်ငံခြားသားများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသဖြင့် အထူးစည်ကား စာ - ၁၁ သို့

**ဆောင်းပါး**

စီးပွားဖြစ် ဆိတ်မွေးမြူရာဝယ် စာ - ၁၃ သို့

အင်ဖလေးရှင်းဖိအားလျှော့ချရေးအတွက် စီးပွားရေးလုပ်ငန်းများ၏အားထုတ်မှု စာ - ၂၅ သို့

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ပုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် - နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ / တောင်ငူ - ဆွာ - ရေနီ / ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု